# အီလက်ထရောနစ်
# အဘိဓာန်

# DICTIONARY OF ELECTRONICS

**First Edition**

**အင်္ဂလိပ် – မြန်မာ**

ဦးခင်မောင်ချို
M.E.(ELEC.ENGG.)(U.S.A)
(ပြုစုသည်)

## "ကျေးဇူးရှင် မိဘနှစ်ပါး နှင့် ဆရာသမားတို့အား ရိုသေစွာ ရှိခိုးကန်တော့ပါ၏။"

# အီလက်ထရောနစ်အဘိဓာန်

## စာရေးသူ၏အမှာစာ

ယခင်လျှပ်စစ်အဘိဓာန်စာအုပ်၏ နောက်ဆက်တွဲစာအုပ်ဖြစ်၍ မရှိမဖြစ် ဆောင်ထားသင့်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

ကွန်ပျူတာ၊ အင်တာနက်၊ iphone တို့ကဲ့သို့သော လျှပ်စစ်စက်ကိရိယာ နှင့် စက်လည်ပတ်ရေးစနစ်တို့သည် တိုးတက်ပြောင်းလဲနေသည့်အလျောက် အီလက်ထရောနစ် အဘိဓာန်ကို ပြည့်စုံမှန်ကန်မှုရှိစေရန် ဂရုပြုထားပါသည်။ **စာရေးသူ၏ ယခင်က ထုတ်ဝေခဲ့သော လျှပ်စစ်အဘိဓာန်စာအုပ်တွင် မပါရှိသေးသည့် လျှပ်စစ်ဝေါဟာရများကို ဤစာအုပ်တွင်ထည့်၍ သီးခြား ထုတ်ထားပါသည်။** အထူးသဖြင့် Dictionary of Physics မှ ဝေါဟာရအချို့ကို ကောက်နုတ်၍ ထပ်ဖြည့်ထားပါသည်။

**ဤစာအုပ်ပါ ရေးသားချက်များသည် စာရေးသူ၏ အာဘော်သာ ဖြစ်ပါသည်။**

ဤစာအုပ် ဖြစ်မြောက်ရေးအတွက် အားပေး တိုက်တွန်းသော အီလက်ထရောနစ် ဒီပလိုမာသင်တန်းမှ ကျောင်းသူ ကျောင်းသားများအား

လည်းကောင်း၊ အနယ်နယ်အရပ်ရပ်မှ စာရေးသား၍ စာအုပ်အသစ်တောင်းဆိုနေသော စာဖတ် ပရိသတ်များအားလည်းကောင်း၊ ထုတ်ဝေဖြန့်ချိပေးသော သုခမြိုင်စာပေတိုက်အားလည်းကောင်း ကျေးဇူးတင်ရှိပါသည်။

ဤစာအုပ်ကို အခက်အခဲ အမျိုးမျိုးကြားမှာ စီစဉ်ပြုစုရေးသားထားခြင်း ဖြစ်ပါသည်။ လိုအပ်ချက်များကို အကြံပြုနိုင်ပါသည်။

**ဦးခင်မောင်ချို**

B.Sc., D.A.P.,

M.E.(ELEC.ENGG.)(U.S.A)

**လက်ထောက်ကထိက (ငြိမ်း)**

**အီလက်ထရောနစ်ဒီပလိုမာသင်တန်း**

*

# A

Absolute error (အက်ဘ်ဆိုလုတ် အဲရာ) ပမာဏတစ်ခု၏ တန်ဖိုးနှင့် ပမာဏအသီးသီး တို့၏ တိုင်းတာမှုတန်ဖိုးတို့ အကြားရှိ ပမာဏ ခြားနားမှုပင်ဖြစ်သည်။

Ac alpha(N) (အေစီ အယ်လ်ဖာ) အထွက် ကော်လက်တာစီးကြောင်း ပြောင်းလဲမှုနှင့် အဝင်အီမစ်တာ စီးကြောင်း ပြောင်းလဲမှု တို့၏ အချိုးပင်ဖြစ်သည်။ ကြည့်ရန်။ gain, amplifier

Ac Beta (N) (အေစီဘီတာ) ထရန် စစ္စတာ၏ အထွက်စီးကြောင်းနှင့် အဝင်စီးကြောင်းတို့၏ အချိုးဖြစ်သည်။ ကြည့်ရန်။ AC alpha, gain

Acceleration (အက်ဆယ်လာရေးရှင်း) အလျင်၏ပြောင်းလဲသောနှုန်းကို အရှိန်ဟုခေါ်သည်။ U=စဦးအလျင်။ V= နောက်ဆုံးအလျင်။ t = ကြာသောအချိန်။ အရှိန် a = (V-U )/t ဖြစ်သည်။

Access card (N) (အက်ဆက်စ် ကာ့ဒ်) DSS တိုက်ရိုက်ဂြိုဟ်တု ရုပ်သံလွှင့်စနစ် အလုပ်လုပ်နိုင်ရန် DBS ရီဆီဗာဖမ်းစက်တွင် ထည့်ထားရသော ကဒ်ပြားဖြစ်သည်။ ကတ်ပြား အစားထိုးရန်မှတစ်ပါး မဖယ်ရှားရသော ID code ကတ်ဖြစ်သည်။ ၎င်းသည် စနစ်လုံခြုံရေးနှင့် DSS ဝန်ဆောင်မှု၏ အခွင့်အာဏာကို ကူညီသည်။ ကြည့်ရန်။ security clip, satellite receiver

Access point (အက်စက်စ် ပွိုင့်)၎င်းသည် (IEEE 802.11) ကြိုးမဲ့ LAN ကွန်ရက်တွင် Ethernet ဗဟိုဌာနနှင့်တူသည်။ ဖောက်သည်တိုင်း၏ ဆက်သွယ်ရေးတို့သည် ၎င်းနေရာကို ဖြတ်သန်းသွားရသည်။ ၎င်း၏ ဝန်ဆောင်မှုအချို့မှာ (DHCP) နည်းကိုသုံး၍ အလိုအလျောက် IP ပုံ ဖော်ပေးခြင်းနှင့် အင်တာနက် ဆက်သွယ်ပေးခြင်းတို့ဖြစ်သည်။ ကြည့်ရန် hub ring, wireless LAN

Activate (V) (အက်တီဗိတ်) ဗို့အားကို အလုပ်လုပ်စေသည် သို့မဟုတ် တက်ကြွစေသည်။ ၎င်းသည် enabling အချက်ပြကို အသုံးပြုခြင်း ဖြစ်သည်။ ကြည့်ရန်။ enable, chip select pin

Adhesion force (အက်ဒ်ဟီးရှင်းန် ဖို့စ်) ၎င်းသည် မျိုးမတူသော မော်လီကျူးတို့ အကြား ဆွဲဆောင်သောအား ဖြစ်သည်။

ADSL (အေဒီအက်စ်အယ်လ်) Asymmetric Digital Subscriber Line ၎င်းကို AT and T က တီထွင်၍ ANSI-T1.413 စံချိန်စံညွှန်း ဟု 1995 ခုနှစ်မှာ သတ်မှတ်သည်။ ၎င်းသည် ISDN ကို အစားထိုး၍ cable modem နှင့် ပြိုင်ဘက် ဖြစ်သည်။ ၎င်းသည် ရိုးရိုး standard တယ်လီဖုန်းကြိုး (နှစ်ကြိုးလိမ် ကြေးနီ ဝါယာ)ဖြင့် အသံနှင့် အချက်အလက်တို့ကို တစ်ပြိုင်နက်တည်း ပေးပို့ စေသည်။ ၎င်း၏ bandwidth ကို လမ်းကြောင်း သုံးခုအတွက် ခွဲဝေသည်။ (1) အသံ/ဖက်စ် (2) ကွန်ပျူတာ သို့ ပေးပို့သော အချက်အလက် (down stream) (3)ကွန်ပျူတာကပေးပို့သော duplex (up stream) အချက်အလက်တို့ ဖြစ်သည်။ down stream (384Kbps-6.1Mbps) နှင့် upstream (16Kbps-832 Kbps) ဖြစ်ကြသည်။ ၎င်းသည် အချက် အလက် ပို၍ များစွာ download သော Internet မှာ အသုံးတည့်သည်။ အခြားအားသာချက်

များမှာ ၎င်းကို ပါဝါဆက်သွယ်ပြီးသား ဖြစ်သည်။ (Internet (သို့) ဖုန်း dial up ခေါ်ရန် မလိုပါ။) လက်ရှိ ဖုန်းလိုင်းကို ဆက်လက်သုံး နိုင်သည်။ ၎င်းသည် (security) စိတ်ချရပြီး ဖုန်းနှင့် အင်တာနက်တို့ကို တစ်ချိန်တည်းမှာ အသုံးပြု၍ရသည်။ ၎င်းကို အောက်ပါအတိုင်း ခွဲခြားထားသည်။ (1) ဝန်ဆောင်မှုကို လိုက်၍ နှုန်းပြည့် ADSL (စံနှုန်း)။ RADSL (စံနှုန်း မဟုတ်)။ VDSL (26 Mbps အထိ)။ G.Lite (နှေး၍ဈေးချို) (2) ရုံးနှင့်သုံးမိုင်ထက်ဝေးပါက သုံး၍မရတော့ပါ။(3) မိုဒမ်အမျိုးအစားပေါ်တည်ခြင်း (4) range, အကွာအဝေး၊ ဖုန်းလိုင်းအရည်အသွေးဟူ၍ ခွဲခြားထားသည်။ အသုံးပြုရမည့် မိုဒမ်သည် ADSL modem ခေါ် ဖောက်သည်ကွန်ရက်အတွက် သီးသန့် ပြုလုပ်ထားသော မိုဒမ်ဖြစ်ရသောကြောင့် ဖုန်းရုံးနှင့် အင်တာနက်ရုံးတို့ကသာ ဆက်သွယ်ပေးနိုင်သည်။ (CD-WNW)

AFK (Away from keyboard) (N) (အေအက်ဖ်ကေ) ၎င်းသည် MMORPG ကွန်ပျူတာဂိမ်းတွင် သုံးသော အတိုကောက် ဝေါဟာရဖြစ်ပြီး၊ ဂိမ်းကစားရင်းအကြောင်း တစ်ခုခုကြောင့် ကွန်ပျူတာမှ ထသွားခြင်းကို ဆိုလိုသည်။ (V) AFK မိနစ်အနည်းအငယ် သွားသည်။ ကြည့်ရန်။ MMORPG

After heat (N) (အားဖ်တား ဟိတ်) နျူးကလီးယားဓာတ်ပေါင်းဖိုကို shutdown စက်ပိတ်ပြီးနောက် ထွက်လာသော အပူပမာဏဖြစ်သည်။ ကြည့်ရန်။ nuclear power, nuclear reaction, nuclear reactor

Aggro(N) (အက်ဂရို) ကွန်ပျူတာဂိမ်းတွင် ရန်သူအုပ်စုမှ ကစားသူတစ်ဦးတည်းကို မဲတိုက်သည့် အတိုင်းအတာဖြစ်သည်။ကြည့်ရန်။ Camp

AGP (အေဂျီပီ) 3D ရုပ်လုံးကြွပုံအပါအဝင် ပြတ်သားသောပုံများကို လျှင်မြန်စွာ ဖော်ပြနိုင်သည့်၊ အင်တယ်ကုမ္ပဏီမှ ပျိုးထောင်ထားသော port သတ်မှတ်ချက်များဖြစ်သည်။ ၎င်းသည် AGP နှင့် ဆီလျော်သော ရုပ်ပုံ Video ကတ်ပြားနှင့် ကွန်ပျူတာ chipset တို့အကြား တိုက်ရိုက် ဆက်သွယ်ပေးသောကြောင့်... PCI ၏ ကန့်သတ်ချက်သည် 133 Mbps ထက်ကျော်သွားနိုင်သည်။ ရှေးကျသော AGP စံချိန်စံညွှန်း (1x AGP) သည် အချက်အလက် 264 Mbps နှုန်းဖြင့် ပြောင်းရွှေ့နိုင်သည်။ 2 xAGP ( 528 Mbps), 4 x AGP (1056 Mbps ) 8 x AGP ( 2.1 Gbps). ၎င်းသည် AGP နှင့်ဆီလျော်သော chipset နှင့် AGP slot ခေါင်းတို့ပါသည့် motherboard နှင့်သာ အသုံးပြု၍ရသည်။ ကြည့်ရန်။ Port, chipset

aikon (အိုက်ကွန်)၎င်းသည် ကွန်ပျူတာကတ်ပြားတို့ကို ပြုပြင်နိုင်စွမ်းသော ဓာတ်ခွဲခန်းဖြစ်သည်။ 2 mm x 2 mm အထိသေးငယ် သော ဘီဂျီအေအိုင်စီကို အလိုအလျောက် ခဲအဖြုတ် အဆက် ပြုလုပ်နိုင်သော reliable BGA rework station များရှိသည်။ ၎င်းသည် ၄၇လမ်းထိပ်၊ ရန်ကုန်မြို့တွင် တည်ရှိသည်။

Airbus A380 (N) (အဲယားဘတ်စ် အေ ထရီး အေ့ထ်တီ) အဲဘတ်စ် ကုမ္ပဏီမှ ထုတ်လုပ်သော ၎င်းစူပါဂျန်ဘို လေယာဉ်ကြီးသည် အလေးချိန် ၃၀၈တန်လေးပြီး ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၄ရက်နေ့တွင် ပြင်သစ်နိုင်ငံ တိုလောစီလေဆိပ်မှ စမ်းသပ်ပျံသန်းခဲ့သည်။ ထိုခရီးစဉ်တွင် လေယာဉ်သည် အမှုထမ်းပေါင်း ၄၇၄ ဦးကို တင်ဆောင်ပြီး (၇)နာရီ ကြာ မရပ်မနား ပြနိုင်ခဲ့သည်။ လေယာဉ် တစ်စီး၏ တန်ဖိုးမှာ ဒေါ်လာသန်းပေါင်း ၃၁၆ ဖြစ်ပြီး၊ စင်ကာပူလေကြောင်းက ပထမဦးဆုံး ဝယ်ယူလိုက်သည်။ ဂျန်ဘိုဂျက်သည် ကုန် ၂၀၀ တန်တင်နိုင်သည်။

Air core inductor (N) (အဲ ကိုး အင်န် ဒတ်ခ်တာ) သတ္တုအူတိုင်မပါသော လျှပ်ညှိ ဖြစ်သည်။ ၎င်းကို ကြိမ်နှုန်းမြင့် filter clip အဖြစ် အသုံးပြုသည်။ ကြည့်ရန်။ magnetic core, air gap

Air port (အဲ ပို့သ်) ၎င်းသည် Apple ကုမ္ပဏီ၏ ကြိုးမဲ့ LAN စံချိန်စံညွှန်း (IEEE 802.11b) ကို အကောင်အထည်ဖော်သောအသုံးအဆောင်ဖြစ်သည်။ ၎င်းသည် Macintosh ကွန်ပျူတာ အတွက် ဖြစ်ပြီး (၁) Air Port base station (၂) Macintosh desktop စနစ်နှင့် (၃) ခရီးဆောင် Power Book တို့၏ Air port adaptor ပါဝင်သည်။ ၎င်းသည် IEEE (IEEE 802.11b) (Wi-Fi )စံချိန်စံညွှန်းနှင့် ဆီလျော်မှုရှိပြီး cross platform IEEE 802.11b ကွန်ရက်များနှင့်တွဲ၍ အလုပ်လုပ်နိုင်ကြောင်း ထောက်ခံထားသည်။ ၎င်းတွင် 128 bits encryption ပါသောကြောင့် အချက်အလက်များကို ပြင်ပမှကျူးကျော်ကြားဖြတ် ခိုးယူခြင်းမှ တားဆီးသည်။ ကြည့်ရန်။ IEEE 802.11b

Air termination network (N) (အဲ တာမီနေရှင်းန် နက်ထ်ဝ့ါခ်) ၎င်းသည် မိုးကြိုးလွှဲ၏ အမြင့်ဆုံးအပိုင်းမှာရှိသည်။ မိုးကြိုးသည် အများအားဖြင့် အမြင့် အဆောက်အဦ၏ အပေါ်ပိုင်းအမြင့်ဆုံး အပိုင်းကို ပစ်ကြသည်။ ထိုသို့မိုးကြိုး မပစ်နိုင်စေရန် ဖြစ်ပေါ်နေသော လျှပ်စစ်စက်ကွင်းမှ လျှပ်စစ်အမှုန်တို့ကို အတိုဆုံးနှင့်အမြန်ဆုံး မြေကြီးထဲသို့ ရောက်သွားစေရန် မိုးကြိုးလွှဲက ပြုလုပ်ပေးသည်။ ၎င်းတွင် Vertical Conductor နှင့် Horizontal conductor ဟူ၍ နှစ်မျိုးရှိသည်။ Vertical conductor သည် အထက်ဘက်သို့ နှစ်ပေကျော်ချွန်ထွက်နေပြီး သွပ်မိုးအဆောက်အဦမှာ အသုံးပြုသည်။ Horizontal Conductor ကို ကွန်ကရစ်လောင်းထားသော အမိုးပြားအဆောက်အဦ၏ အမိုးပတ်ပတ်လည်မှာ အသုံးပြုသည်။ Protection angle ကို 45° သို့မဟုတ်

60° ဟု သတ်မှတ်သည်။ ကြည့်ရန်။ Earth termination network, lightning protection system

Alloy junction transistor (အလွိုင်း ဂျန်းရှင်းန် ထရဲန်စစ်စ်တာ) ဤသည် အသုံးပို၍များသော နည်းတစ်နည်း ဖြစ်သည်။ ဤနည်းဖြင့် ကြိမ်နှုန်းနိမ့်နှင့် ကြိမ်နှုန်း အလယ်အလတ် ထရန်စစ္စတာများပြုလုပ်ကြသည်။ ဤနည်းတို့ကို ယခုအခါ စက်များဖြင့် အလိုအလျောက် တစ်ခုပြီး တစ်ခုလုပ်နိုင်၍ ရောင်းဈေးမှာ ကျပ်တစ်ထောင်အောက်ဖြစ်သည်။ ၎င်း၏နေရာတွင် ယခင်က လေဟာ မီးသီးသုံး၍ နောက်နောင်တွင် IC အတုံးများကို အသုံးပြုလိမ့်မည်။ အမာခံအလွှာအဖြစ် 0.08 လက်မပတ်လည်နှင့် 0.003 မှ 0.005 လက်မအထိ အထူရှိသော ဂျာမေနီယမ်စတုရန်းကွက်ကို အသုံးပြုသည်။ ဂျာမေနီယမ်ချော်ရည် အတွင်းသို့ N သို့မဟုတ် P အမျိုးအစား impurty အမှုန်များ တစ်သမတ်တည်း dope ဖြူးထည့်၍ ကျောက်သလင်းခဲ တည်ဆောက်ရသည်။ ရရှိသော အခဲတုံးကို အလွှာများ လှီးဖြတ်၍ လိုအပ်သော အရွယ်များ ရစေရန် ခွဲစိတ်ပေးရသည်။ ဖြူးထည့်အမှုန် indium တို့ကို ဂျာမေနီယမ် အလွှာ၏ နှစ်ဖက်သော မျက်နှာပြင်တို့တွင် အပူပေး၍ ကပ်ထားသည်။ ပေးသော အပူချိန်သည် ဂျာမေနီယမ်ရည်ပျော်မှတ်၏ အောက်နှင့် indium ရည်ပျော်မှတ်၏ အထက်တွင် ရှိရမည်။ indium အရည်ပျော်သောအခါ ၎င်းပတ်ဝန်းကျင်ရှိ ဂျာမေနီယမ်တို့ကို အရည်ပျော်စေသည်။ အေးခဲသောအခါ ဂျာမေနီယမ်တို့သည် တစ်သားတည်း ဖြစ်သွားသည်။ indium ပါသော ဂျာမေနီယမ်အရည်သည် P အမျိုးအစားဂျာမေနီယမ်ကျောက်သလင်းခဲ ပြန်ဖြစ်သွားသည်။ ထိုအခါ N အမျိုးအစား base အခြေပိုင်းကို P အမျိုးအစား လျှပ်ထုတ်ပိုင်း emitter နှင့် လျှပ်စုပိုင်း collector တို့ဖြင့် ကာရံထားသော PNP ထရန်စစ္စတာ တစ်ခုကိုရသည်။

ဖော်ပြပါ အပိုင်းသုံးပိုင်းကို ဝါယာများသို့ ခဲဂဟေ ဆော်၍ ဆက်သွယ်သည်။ ဝါယာများ၏ ကျန် အစွန်းတို့ကိုငုတ်တိုင်များသို့ spot ဂဟေဆက်သည်။ လျှပ်ထုတ်ပိုင်းကို ဝန်းရံထားသော ကွင်းပုံစံပြု၍ အခြေငုတ်သို့ ဆက်သွယ်သည်။ ထိုအခါ လျှပ်ထုတ်အပိုင်း နှင့် လျှပ်စု အပိုင်းတို့အကြား အကွာအဝေးသည် 0.0005 လက်မဖြစ်၍ လျှပ်စစ် အမှုန် ကူးပြောင်းချိန်ကို လျော့နည်းစေသည်။ အထက်ပါအတိုင်း အတော်အတန်ထူသော ဂျာမေနီယမ်အလွှာကို အသုံးပြုထားသဖြင့် အခြေခုခံမှုသည် အတော်လျော့နည်းသွားသည်။ လျှပ်စုအပိုင်းနှင့် လျှပ်ထုတ် အပိုင်းတို့၏ အချင်းတို့ကို 0.015 လက်မ နှင့် 0.01 လက်မ အသီးသီး ရှိစေရန် သေးငယ်ထားသဖြင့် ဖြစ်လာသော လျှပ်သို တို့သည် လည်း သေးငယ်သည်။ NPN ထရန်စစ္စတာတစ်ခုကို ပြုလုပ်ရန် P အမျိုး အစား ဂျာမေနီယမ် အလွှာတစ်ခုနှင့် မီးစုန်းကဲ့သို့သော pentavalent ဒြပ်စင် အမှုန်များကို အသုံးပြုရသည်။

Alligator clip (N) (အလီဂေတာ ဂလစ်ပ်) ယာယီ ဆက်သွယ်မှု အတွက် အသုံးပြုသော သို့မဟုတ် စမ်းသပ်ခန်းတွင် သုံးသော ဝါ ယာ၏တစ်ဖက်စွန်းတွင် တွေ့ရသည့် စပရင်ပါ ညှပ်ကလစ် ဖြစ်သည်။ ကြည့်ရန်။banana clip

Allotropy (N) (အလော့ထရိုပီ) အစိုင်အခဲ တစ်ခုက ရုပ်ပိုင်းဆိုင်ရာ ပုံစံအမျိုးမျိုးအဖြစ် အသွင်ဆောင်နိုင်ခြင်းကိုခေါ်သည်။ ဥပမာ-သွပ် သည် သတ္တုအဖြစ်လည်းကောင်း၊ သတ္တု မဟုတ်သော အရာဝတ္ထုအဖြစ် လည်းကောင်း တည်ရှိနိုင်သည်။ ကာဗွန်သည် စိန်အဖြစ်လည်းကောင်း၊ graphite အဖြစ် လည်းကောင်း၊ ကျောက်သလင်း အသွင်နှစ်မျိုးကို ဆောင်နိုင်သည်။

Alpha rays (အယ်ဖာ ရေးစ်) ၎င်းသည် ပရိုတွန်၏ ဒြပ်ထုထက် လေးဆကြီး၍ မီးစုန်းတောက်မှုကို ဖြစ်စေသည်။ ၎င်း၏ ထိုးဖောက်နိုင်စွမ်းသည် ဘီတာရောင်ခြည်၏ ထိုးဖောက်နိုင်စွမ်း၏ တစ်ရာခိုင်နှုန်းသာ ရှိသည်။ ၎င်းတို့သည် အခြားနျူကလိယပ်များ ပြိုကွဲစေလောက်အောင် အလျင် ကြီးမားကြသည်။

Alpha wave (N) ( အယ်လ်ဖာ ဝေ့ဖ်) 9 မှ 14 Hz အတွင်းမှာရှိသော ဦးနှောက်လှိုင်း ဖြစ်၍ alpha rhythm ဟု လည်းခေါ်သည်။ ကြည့်ရန်။ brain helmet

Alternative audio (N) (အော်လ်တာ နေးတစ်ဗ် အော်ဒီယို) ကွဲပြားခြားနားသော အော်ဒီယိုချန်နယ်များကို ကိုယ်စားပြုသည်။ ယင်းကို ဗီဒီယို ပရိုဂရမ်နှင့် ဆက်စပ်၍ ထုတ်လွှင့်နိုင်သည်။ ဥပမာ-နိုင်ငံခြားဘာသာစကား ဘာသာပြန်ခြင်း။ ကြည့်ရန်။ audio, main menu, audio conferencing

AM (N) (အေအမ်) amplitude modulation ၏ အတိုကောက်ဖြစ်သည်။ carrier သယ်လှိုင်း၏ လွှဲကျယ်ကို အချက်ပြဖြင့် လှိုင်းသထားသည်။ ဆူညံသံများ ဝင်နိုင်သော်လည်း ထပ်ဆင့် လွှင့်စက်မပါဘဲ သုံးနိုင်သည်။ ကြည့်ရန်။ FM, modulate, frequency modulation

A-MAC (အေမက်ခ်) TV ရုပ်ပုံအချက်ပြ၏ ကြိမ်နှုန်းထက် ပိုမြင့်သော ကြိမ်နှုန်းရှိ အသံ (subcarrier) သယ်လှိုင်းခွဲကို FD MX ဒစ်ဂျစ်တယ်နည်းဖြင့် လှိုင်းသထားသော အသံလွှင့် စနစ်ဖြစ်သည်။ ပို့လွှတ်ရာတွင် အမှားဖြစ်နှုန်းများပြီး အချက်အလက်/ သတင်းပို့နိုင်စွမ်းလည်း နည်းသဖြင့် လူ အများက မနှစ်သက်ကြပါ။ (A.DHAKE)

Ambient temperature (N) (အင်မ်ဘီယဲင့် တဲမ်ပါးရေးချား) ပစ္စည်း

များ၏ ပတ်ဝန်းကျင်တွင်ရှိသော လေ၏ အပူချိန် ဖြစ်သည်။ ၎င်းသည် -55°C မှ 75°C အတွင်း ဖြစ်နိုင်သည်။ ကြည့်ရန်။ amplifier, crossover distortion , frequency distortion, distortion, phase distortion

American wire gauge (N) (အမေရိကန် ဝါယာ ဂေ့ဂျ်) ဝါယာ၏ အရွယ်များကို သတ်မှတ်သော နံပါတ်စနစ်ဖြစ်၍ ၀၀၀၀ သည် အရွယ် အကြီးဆုံးဖြစ်ပြီး၊ နံပါတ် ၆၀ ကျော်ဖြစ်သောအသေးဆုံး အရွယ်အစား လောက်အထိ သတ်မှတ်ထားသည်။ ကြည့်ရန်။ Brown and sharpe Gauge, AWG

Ammonia clock (N) (အမိုးနီးယား ကလော့ခ်) အမိုးနီးယား မော်လီကျူး ($NH_3$) တို့ကို နှိုးဆွတုန်ခါစေပြီး ကျောက်သလင်းလှိုင်း ထုတ်ပစ္စည်း၏ ကြိမ်နှုန်းကို ထိန်းချုပ်စေသော အနုမြူနာရီဖြစ်သည်။ အမိုးနီးယား မော်လီကျူးသည် ပိရမစ်ပုံရှိ၍ ထိပ်ချွန် တစ်ခုတွင် နိုက်ထရိုဂျင် အက်တမ် တစ်ခုတည်းရှိသည်။ ၎င်းကို 23870 ကြိမ်နှုန်းရှိ လှိုင်းဖြင့် နှိုးဆွလိုက်ပါက ထိုနိုက်ထရိုဂျင်အက်တမ်သည် ဆန့်ကျင်ရာဘက်ရှိ လွတ်လပ်နေသောနေရာသို့ သွားလိုက် လာလိုက် ပြုလုပ်သည်။ ဤတွင် ကျောက်သလင်း လှိုင်းထုတ်ပစ္စည်းဖြင့် NH3 ဓာတ်ငွေ့ကို စွမ်းအင်ပေးနှိုးဆွသည်။ ကြည့်ရန်။ atomic clock, clock, master clock

Amorphous solid (အမော့ဖတ်စ် စောလစ်ဒ်) အနုမြူများနှင့် မော်လီကျူးများ ညီညာ၍ အကွက်ကျစွာ (periodic) မတည်ရှိသော အစိုင်အခဲဖြစ်သည်။ ၎င်း၏ ဆန့်ကျင်ဘက်မှာ (Crystal) ကျောက်သလင်း ဖြစ်သည်။ ၎င်း၏ အရည်ပျော်မှတ်သည် အတိအကျမရှိပါ။ ၎င်း၏ ရူပဂုဏ်သတ္တိတို့သည် လားရာတိုင်းအတွက် အတူတူပင် ဖြစ် သည်။ (ဥပမာ-ပလတ်စတစ်၊ ရာဘာ၊ ဖန်။)

Amplification factor (U) (N) (အင်မ် ပလီဖီကေးရှင်းန် ဖက်တာ) ထရိုင်အုတ် လေဟာမီးသီးအတွင်းစီးသော (ပလိတ်) လျှပ်စီးကြောင်းကို ကိန်းသေထားစဉ်၊ ပလိတ်ပိုတင် ရှယ်ပြောင်းလဲမှုနှင့် ဂရစ်ပိုတင်ရှယ် ပြောင်းလဲမှုတို့၏ အချိုးကို ချဲ့ကိန်း ဟုခေါ်သည်။ (i.e U = rv x gm) ကြည့်ရန်။ triode, mutual conductance, plate resistance, transistor

Amplitude distortion(N) (အင်မ်ပလီကျူ့ဒ် ဒစ်တော့ထ်ရှင်းန်) မူရင်းအချက်ပြ လှိုင်းပုံနှင့် ဘက်ညီမှု မရှိအောင် ပြောင်းလဲသွားသော လှိုင်း၏ ပုံသဏ္ဍာန်ဖြစ်သည်။ ကြည့်ရန်။ amplifier, crossover distortion , frequency distortion, distortion, phase distortion

Anamorphic (အင်အမောဖစ်စ်) တိုးချဲ့ထားသော 16 x 9 ; 16: 9 ဖန်သားပြင် အကျယ် ဖြစ်သည်။ DVD နည်းပညာဖြင့် အဆင့်ဆင့် ပုံနှိပ်စဉ် အလျားလိုက်ကျုံ့ထားခြင်းဖြင့် ရုပ်ရှင်၏ အသေးစိတ် ပြတ်သားသော ရုပ်ပုံတစ်ခုလုံးကို သိမ်းဆည်းထားစေနိုင်သည်။ သိမ်းဆည်းထားသော ပုံရိပ်သည် distortion ပုံယွင်းမှုဝင်နေသော မူရင်းရုပ်ပုံဖြစ်သည်။ ပြန်ဖွင့်ကြည့်သောအခါ ရုပ်ရှင်ပုံရိပ်ကို ပြန်ဆန့်ရသောကြောင့်....HDTV သို့မဟုတ် DTV ဖန်သားပြင် အကျယ်ပေါ်တွင်သာ ရုပ်ရှင်ပုံရိပ်တစ်ခုလုံးကို ပုံမှန် အတိုင်း တွေ့မြင်နိုင်သည်။ ခေတ်သစ်ဖလင်များသည် (အလျားနှင့်အနံအချိုး) 1.85:1 မှ 2.35:1 တာအတွင်း အသုံးပြု၍ ရုပ်ရှင်ရုံ ဖန်သားပြင်ပုံစံအတွက် ဖန်တီးထားသည်။ စံချိန်စံညွှန်း TV အတွက် 1.3:1 သို့မဟုတ် ၄×၃ ကို အသုံးပြုသည်။ ယခင်DVD က ရုပ်ရှင်ကို TV စံချိန်စံညွှန်းပေါ်တွင် ပြောင်း၍ ကြည့်ရှုနိုင်စေရန် ကြိုးစားခဲ့ကြသည်။ သို့သော် ပုံရိပ်သည် အသေးစိတ် ပြတ်သားမှု လျော့နည်းသွားစေခြင်း သို့မဟုတ် ပုံရိပ်၏ တစ်စိတ်တစ်ပိုင်း ဖုံးကွယ်သွားစေခြင်းကို ဖြစ်စေသည်။ ကြည့်ရန်။ aspect ratio, HDTV, high resolution graphic,

Wi-Fi

Android (အင်န်ဒရွိုင်ဒ်) mobile ဖုန်း တော်လှန်ရေးတွင် အဓိက ပါဝင်သော google မှ အင်ဂျင်နီယာတစ်စုက ရေးထားသည့် OS (11million lines) ကုန်ပျော့ (20MB) ဖြစ်သည်။ Mountain view (Silicon valley) မှ Andy Rubin (၄၇)နှစ်သည် ၎င်းကို အခြေခံ၍ ကွန်ပျူတာ စက်ရုပ်ဖုန်းကို တီထွင်ခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းတွင် ရှေ့ပြေး လုပ်ငန်းရှင်များက Android ကို အခြေခံပြီး၊ စက်ကိရိယာများကို ထုတ်လုပ်တော့သည်။ Android ဖုန်းသည် apple လုပ်ငန်းမှ iphone လောက် ကျော်ကြားလာသည်။ Android ဖုန်းဖြင့် ထောက်လှမ်းမောင်း နှင် ထိန်းချုပ်မည့် အဝေးထိန်းစက်ကိရိယာများအတွက် လမ်းဖွင့်လိုက် သည်။ 2014 ခုနှစ်တွင် smart ဖုန်းဈေးကွက်၏ 25% (တစ်ဘီလီယံ ကျော်) ကို ပိုင်ဆိုင်လိမ့်မည်။ ယခု နေ့စဉ် Android ဖုန်း 250,000 ကျော် ရောင်းချနေသည်။ ၎င်းသည် ကမ္ဘာအရပ်ရပ်က ကုန်ပျော့ ခြောက် ထောင်ကျော်ကို ရယူအသုံးပြုနိုင်သည်။ နောင်နှစ်တွင် အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့တွင် mobile ဖုန်းအလုံးရေ ငါးဘီလီယံ ရှိလိမ့်မည်။ 2013 ခုနှစ်တွင် အင်တာနက် စီးပွားရေးသည် တစ်နှစ်လျှင် trillion ဒေါ်လာတစ်ဝက်ရှိလိမ့်မည်။ Nokia မှ smart ဖုန်းကို Symbia ဟုခေါ်၍ အရေအတွက် 200 မီလီယံရှိသည်။ Apple လုပ်ငန်း၏ ကုန်ပျော့ကို အခ ကြေးပေးရသော်လည်း Android ကုန်ပျော့သည် အခမဲ့ ဖြစ်သည်။ Rubin သည် 2004 ခုနှစ်တွင် Danger လုပ်ငန်းမှ CEO အလုပ်ကို စွန့်ခဲ့ရ သည်။ ၎င်းသည် Cayman ကျွန်းကမ်းခြေပေါ်တွင် mobile ဖုန်း O/S အများအတွက် စက်မောင်းကုန်ပျော့ကို တီထွင်ရန် အကြံရခဲ့သည်။ Mountain view တွင် အကြီးဆုံးလုပ်ငန်းဖြစ်သော google မှ Larry Page နှင့်တွေ့၍ လုပ်ငန်းပူးပေါင်းခဲ့သည်။ Android ဖုန်းအလုပ်လုပ်ပြီး

နောက် apple မှ iphone လောက် အသုံးပြုသူနှင့် ဆက်သွယ်ရာတွင် လွယ်ကူစေရန် အဓိကထား မွမ်းမံရဦးမည်။ သူသည် ထို open OS (လုပ်ဆောင်မှုများ) source ကို မပြုပြင်လိုပါ။ (မူကွဲမများလိုပါ) သူသည် Android ဖုန်းအတွက် အခြေခံ သတ်မှတ်ချက်များနှင့် ထူးခြားချက်များ စာရင်းတို့ကို ပြုစုခဲ့သည်။ ထိုသတ်မှတ်ချက်များ ပြည့်မီမှ Android တံဆိပ်တပ်ခွင့်ပြုပြီး.. Google မြေပုံကို ကြည့်ခွင့်ပေးလိမ့်မည်။ မိုက်ခရိုဆော့ထုတ် မိုဘိုင်းဖုန်းမောင်း အစီအစဉ်/ အခွေ (Windows Phone 7 O/S) ကို အခကြေးပေး၍ အသုံးပြုနိုင်ပြီ။ ၎င်းတွင် အသုံးပြုသော codes တို့ကိုပြောင်းလဲခွင့် မပေးပါ။ တစ်ဆင့်မြင့်သော Android မှာ Gingerbread ဖြစ်၍ PC ကွန်ပျူတာနှင့် တွဲသုံးမည်။ နောက်တစ်မျိုးမှာ Honeycomb ဖြစ်၍ tablet ကွန်ပျူတာနှင့်တွဲသုံးမည်။ (NW 111010)

Angle of dip (အဲင်ကယ် အော့ဖ် ဒစ်ပ်) ၎င်းသည် ကမ္ဘာမြေမျက်နှာပြင်နှင့် ကမ္ဘာ့အကျိုးဖြစ် သံလိုက်စက်ကွင်း၏ ရေပြင်ညီအပိုင်းတို့ အကြားရှိ ထောင့်ဖြစ်သည်။ကြည့်ရန်။ declination, magnetic equator, magnet

Angular displacement (အဲင်ဂူလာ ဒစ်စ် ပလေ့စ်မဲင့်တ်) စက်ဝိုင်းအတိုင်း လှည့်ပတ်နေသော အမှုန်တစ်ခုအတွက် ၎င်း၏ထောင့်ပြောင်းရွှေ့မှုသည် တည်နေရာ ဗက်တာ၏ ပေးထားသော အချိန်တာအတွင်းမှာ ဖြတ်သန်းသွားသော ထောင့်ကို ခေါ်သည်။ ၎င်း၏ ယူနစ်မှာ radians ဖြစ်သည်။

Angular Velocity (အဲင်ဂူလာ ဗဲလော့စီးတီး) ဝင်ရိုးတစ်ခုကို ဗဟိုပြု၍ လှည့်ပတ်နေသော အရာဝတ္ထုတစ်ခု၏ထောင့်ပြောင်း အလျင်သည် ပြောင်းလဲသွားသောထောင့်နှင့် ကြာသောအချိန်တို့၏ အချိုး

ဖြစ်သည်။ တစ်နည်းအားဖြင့် လည်ပတ်နေသော အရာဝတ္ထုတစ်ခု၏ ထောင့်ပြောင်းလဲသော နှုန်းကို ခေါ်သည်။ ၎င်း၏ ယူနစ်မှာ radion/second ဖြစ်၍ ၎င်းသည် ဗက်တာဖြစ်သည်။ မျဉ်းဖြောင့် အလျင်သည် ထောင့်ပြောင်း အလျင်နှင့် အချင်းဝက်တို့၏ မြှောက်လဒ်နှင့် တူညီသည်။ ၎င်းထောင့်ပြောင်းအလျင် wb သည် အခါလည်အချိန်နှင့် ပြောင်းပြန် အချိုးကျသည်။ ညီမျှခြင်း w = 2 x 3.14 F = 2 x 3.14 x 1 T တွ င် w = ထောင့်ပြောင်း ကြိမ်နှုန်း။T = အခါလည်အချိန်။ F = ကြိမ်နှုန်း။ v = မျဉ်းဖြောင့်အလျင်။wb = vr တွင် r = လှည့်ပတ်နေသော စက်ဝိုင်း၏ အချင်းဝက်ဖြစ်၍ ၎င်းတို့သည် ဗက်တာများ ဖြစ်သည်။

Animatronic (N) (အဲင်နီမ်မိတ်တ်ထရွန်နစ်) သင်္ချာ တွက်စက် အစီအစဉ် program ပါသော ဆာဗိုကွန်ထရိုလာ UCN 5804 မိုက်ခရိုကွန်ထရိုလာ PIC 16 F 84 တို့ဖြင့် စက်ကိရိယာ . . .ကစားစရာအရုပ် အဝေးထိန်း စက်ကိရိယာတို့ကို ထိန်းချုပ် လှုပ်ရှားစေခြင်းကိုခေါ်သည်။ ၎င်းပညာတွင် အီလက်ထရွန်နစ် ပရိုဂရမ်ရေးခြင်း ဂီယာလီဗာယန္တရားပညာစသည်တို့ ပါဝင်သည်။

Antenna feed (အင်န်တာနာ ဖိဒ်) ၎င်း ကောင်းကင်ကြိုးသည် blockage နှင့် coupling loss အနည်းဆုံးဖြစ်စေသည်။ front feed တွင် blockage loss ဖြစ်ရခြင်းမှာ low noise feed နှင့် ၎င်း၏ primary focus တွင် ရောင်ခြည်တန်းကို ကာဆီးနေသော အထိုင်/ အချုပ်အထိန်းတို့ကြောင့် ဖြစ်သည်။ ထိုသို့ မဖြစ်စေရန် စလောင်းကို နည်းနည်း စောင်းထားပါ။ အခြားနည်းများမှာ Cassegrain antenna, Gregorian antenna နှင့် helical antenna တို့ ဖြစ်သည်။ (A.DHAKE)

Anti-ion (အင်တီအိုင်ယွန်) ၎င်းသည် လေထဲမှ မကောင်းသော အနံ

ဆိုးများကို စုပ်ယူသန့်စင်ပေးခြင်းကို ခေါ်သည်။ အနံ့ဆိုးများမှာ လေထဲတွင်ရှိသော ဘက်တီးရီးယားပိုးမွှားများ၊ ဆေးလိပ်အနံ့များ၊ တိရိစ္ဆာန်အနံ့များ၊ စိုစွတ်ထုံထိုင်းမှုများ၊ မကောင်းသော အနံ့ဆိုးများတို့ဖြစ်သည်။ အနံ့ကောင်းများမှာ သဘာဝအမွှေးရနံ့တို့ဖြစ်၍ လူသည် ပြင်ပလေထုထက် ၅ ဆပို၍ ညစ်ညမ်းမှုရှိသည်။ ရေကို အခြေခံသော လေထုသန့်စင်စက် (၁)လုံး သည် အခန်းဧရိယာ (1680) sq.ft ကို လုံလောက်စွာ သန့်စင်စေနိုင်သည်။

Antiope (အင်တီအိုပီ) Videotex အပြန်အလှန်ပေးပို့သော ဝန်ဆောင်မှုအတွက် ပြင်သစ်တယ်လီဖုန်းနှင့် ကြေးနန်းဌာနက ပျိုးထောင်ခဲ့သော စနစ်ဖြစ်သည်။ ၎င်းသည် စည်းဝါးမပါဘဲ ပုံစံ အရှင်ရအောင် စကားဝှက်ဖွဲ့၍...TV ၏ အလျားလိုက် ကြိမ်နှုန်းနှင့်လည်း စည်းဝါးမကျပါ။ ကိန်းဂဏန်းပို့နှုန်းမှာ 6.203 M b/s (397 xfh) ဖြစ်သည်။ ဖန်သားပြင်မှာ 24 rows 40 alphanumeric character ဖော်ပြသည်။ ၂၅ တန်း မှာ page header နှင့် control bits ပါ၍ ဖော်ပြခြင်း မရှိပါ။ ၎င်းကို လိုင်းအချို့ပါသော သတင်း ပိုဒ် blocks များအဖြစ် ပို့နိုင်စေရန် ပြုပြင်နိုင်သည်။ ၎င်းတွင် အဆင့်ခုနစ်ဆင့်ရှိ၍ graphics, postel colors, animation, photo တို့ကို ပေးပို့စေသည်။ Canadian, Telidon, AT and T မှ presentation level protocol တို့နှင့် ကိုက်ညီသည်။ (A.DHAKE)

Anti transmit / receive switch (N) (အင်တီ ထရန်စမစ်တ် ရီစိဗ် စွစ်ချ်) ၎င်းကို ရေဒါဝေ့ဖ်ဂိုက်ဒ်တွင်သုံးသည်။ လှိုင်းဖမ်းစက်အတွင်းသို့ စွမ်းအင်အများဆုံး ရောက်ရှိစေရန် လှိုင်းဖမ်းချိန်၌ လှိုင်းလွှင့်ဝေ့ဖ်ဂိုက်ကို ပတ်လမ်းပွင့်ဖြစ်စေသော လမ်းလွှဲပစ္စည်း ဖြစ်သည်။ ကြည့်ရန်။ transmit / receive switch

APD (N) (အေပီဒီ)(avalanche photo diode) အလင်းသိနိုင်အောင် တည်ဆောက်ထားသော junction ဒိုင်အုတ်ဖြစ်၍... avalanche အခြေအနေ ဖြစ်စေရန် ပြောင်းပြန်ဘိုင်းယားစ် ပေးထားသည်။ ၎င်း သည် မိုက်ခရိုဝေ့ဖ် ကြိမ်နှုန်းတွင်တုန်ခါ၍ ... resonant cavity တွင်ထ ည့်ပြီး tune လုပ်နိုင်သည်။ APD ဒိုင်အုတ်မှ ဆူညံသံ ထွက်လာသည် အထိ gain တင်ရသည်။ ကြည့်ရန်။ Photocell, impatt diode, cavity resonator, avalanche breakdown

Apolo (N) (အပိုလို) ၎င်းဒုံးယာဉ်၏ ယာဉ်မှူးများမှာ အဲလ်ဒရင်နှင့် နီးလ်အမ်စထရောင်းတို့ဖြစ်၍ ၁၉၆၉ခုနှစ်က လကမ္ဘာပေါ် သို့ ပထမ ဦးဆုံးခြေချခဲ့သည်။ ၁၉၇၂ခုနှစ် ဒီဇင်ဘာလ ၉ရက်နေ့တွင် အပိုလို (၁၇)ဖြင့် ယူဂျင်းဆာနန်နှင့် ဂျက်စမစ် တို့သည် လကမ္ဘာသို့ သွားပြီး မြေ သား နမူနာများ ရယူခြင်း စက်ကိရိယာများ တပ်ဆင်ခြင်းတို့ကို ငါး ရက်ကြာလုပ်ခဲ့ပြီး တစ်ဆယ့်လေးရက်နေ့မှာ ကမ္ဘာသို့ပြန်ခဲ့သည်။

Apple Desktop Bus (အက်ပ်ပယ်လ် ဒက်စ်ခ် တော့ပ် ဘတ်စ်) မက် ကင်တော့စ် ကွန်ပျူတာသို့ ဆက်သွယ်သည့် ကီးဘုတ်နှင့် မော့စ်တို့ ကဲ့သို့သော အသွင်းကိရိယာ၏ ကြိုးဖြစ်သည်။ ဤကွန်ပျူတာတို့သည် အချက်အလက်ပြောင်းရွှေ့နှုန်း 4.5 Kbps အထိ လက်ခံသော ADB serial port ကို တပ်ထားသည်။ ထို port တစ်ခုသို့ ကိရိယာ ၁၆ခု ချိတ်ဆက်နိုင်သည်။ ကိရိယာတစ်ခုနှင့်တစ်ခု ချိတ်ဆက်ရာတွင် စည်း ဝါးမဲ့ daisy chain စနစ်ကို သုံးသည်။

Apple Pro keyboard (အပ်ပယ်လ် ပရို ကီးဘုတ်ဒ်) ၎င်းသည် extended keyboard ကို အစားထိုးသော Macintosh အတွက် စံချိန် စံညွှန်း လက်နှိပ်ခလုတ်ခုံတစ်ခု ဖြစ်သည်။ ခလုတ် ၁၀၈ခု ပါသော

လက်နှိပ် ခလုတ်ခုံတွင်... အက္ခရာ ဂဏန်းခလုတ်များ cursor ညွှန်တံ ထိန်း ခလုတ်များ function လုပ်ဆောင်မှုခလုတ် ၁၅ခု နှင့်DVD/ CD အတွက် eject ခလုတ်တစ်ခုတို့ ပါရှိသည်။ ကြည့်ရန်။ keyboard, cursor, macintosh

Aquasus (N)(အက်ကွာဆပ်စ်) ၎င်းသည် လေထဲမှ ရေခိုးရေငွေ့ကို စုပ်ယူပြီး သောက်ရေသန့်အဖြစ်သို့ ပြောင်းပေးနိုင်သော စက်ဖြစ်သည်။ ၎င်းကို စင်ကာပူနိုင်ငံရှိ တိုင်းဖလပ်စ်ကုမ္ပဏီက တီထွင်ခဲ့သည်။ ၎င်းကုမ္ပဏီသည် ၂၀၀၃ခုနှစ်မှ စတင်၍ လေအေးပေးစက်၊ လက်ဆေးကန်များ၊ ရေအိမ်တို့မှ စွန့်ပစ်ရေများကိုလည်း ပြန်လည်သန့်စင်သုံးစွဲသည်။

Archimede's principle (အာခီမီးဒီးစ် ပရင်စီပဲလ်) အရည်အတွင်း အရာဝတ္ထုတစ်ခုကို တစ်ဝက်တစ်ပျက် သို့မဟုတ် တစ်ခုလုံး နှစ်ထားသောအခါ၊ ၎င်း၏အလေးချိန်သည် လျော့နည်းသွားသည်။ ထိုလျော့နည်းသွားသော အလေးချိန်သည် ဖယ်ထုတ်လိုက်သော အရည်၏ အလေးချိန်နှင့် တူညီသည်။W = Vdg - V, dg တွင် W = apparent weight = ထင်ရသောအလေးချိန်။ V = အရာဝတ္ထု၏ ထုထည်။d = အရာဝတ္ထု၏ သိပ်သည်းခြင်း။ g = ကမ္ဘာဆွဲငင်အားကြောင့် ဖြစ်သောအရှိန်။ d1= အရည်၏ သိပ်သည်းခြင်း။

Arrow keys (N) (အဲရိုးကီးစ်) ၎င်း key များသည် ရွေးချယ်ရန် ပရိုဂရမ်လမ်းညွှန်နှင့် menu တို့ကို ရွှေ့လျားစေရန် အသုံးပြုသည်။ menu ပေါ်တွင် item တစ်ခု ရွေးချယ်ခြင်းမပြုမီ ညွှန်ပြရန် ၎င်း arrow ကို အသုံးပြုသည်။ သို့မဟုတ်ပါက up/down arrow ကို ချန်နယ်ပြောင်းရန် အသုံးပြုသည်။

Artificial ear (အတ်တီဖီရှယ်လ် အီးယား) ၎င်းသည် အကြားအာရုံ

ပြန်လည်ရစေသော နားအတုဖြစ်၍ ၁၉၇၂-ခုနှစ်တွင် အမေရိကန်နိုင်ငံမှာ နောက်ဆုံးနည်းပညာဖြင့် ခွဲစိတ်ကုဆရာဝန်က လူတစ်ဦး၏ ကိုယ်ခန္ဓာအတွင်း ထည့်ပေးနိုင်ခဲ့သည်။ nucleus 24 contour ဟု ခေါ်သော စက်ကိရိယာတွင် ခန္ဓာကိုယ်ပြင်ပအပိုင်းတွင် transmitter coil, speech processor, magnet တို့ပါရှိ၍ အတွင်းပိုင်းတွင် electrode array, receiver/stimulator, ball electrode, floating mass transducer တို့ပါဝင်သည်။ တန်ဖိုးသည် ဒေါ်လာနှစ်သောင်း ဖြစ်သည်။ နားကြားကိရိယာက အသံကိုဖမ်းပြီး နားအရိုးအနားရှိ စက်ကို လျှပ်စစ် အချက်ပြပေးရသည်။

Artificial Lung (N) (အာတီဖစ်ရှယ်လ် လန်းဂ်) ၎င်းပလတ်စတစ်အဆုတ်သည် CD ဓာတ်ပြားစက်အရွယ်ခန့်ရှိ၍ လူနာ၏ ရင်ခေါင်းထဲတွင် ထည့်ထားနိုင်သည်။ ယင်းသည် အပေါက်ကလေးများ ပါသောကွန်ရက်ပုံ ဖိုင်ဘာပြွန်ကလေးများပါသည့် ဘူးတစ်ဘူးမှတစ်ဆင့် သွေးများ လွှတ်သွင်းပေးခြင်းဖြင့် လုပ်ရှားလုပ်ဆောင်သည်။ ပြင်ပရှိ အောက်ဆီဂျင် ဘူးအသေးနှင့်ဆက်ထားသည့် ပြွန်များက သွေးအတွင်းသို့ အောက်စီဂျင်သွင်းပေးပြီးကာ ဘွန်ဒိုင် အောက်ဆိုက်ဓာတ်ကို ထုတ်ပစ်သည်။ ယင်းသို့ စွန့်ပစ်လိုက်သည်များကို ပါးစပ်နှင့် နှာခေါင်းတို့မှ ရှူထုတ်သည်။ ကြည့်ရန်။ artificial womb

Artificial Womb(N) (အာတီဖစ်ရှယ်လ် ဝုမ်) ၎င်းသားအိမ်အတုဖြင့် ရက်မစေ့မွေးဖွားကလေးများ၏ အသက်ကို ကယ်နိုင်တော့မည်ဟု ဂျန်တင်ဒိုတက္ကသိုလ်မှ ဒေါက်တာ ယာဆူရှီနာကာမူရာက ယူဆသည်။ ၎င်းတွင် ကလေးအတွက် ပြင်ပအဆုတ်တု တပ်ပေးထား၍ သွေး၏ အပူချိန်အတိုင်းရှိသော အရည်ထဲတွင် ပေါလောပေါ်နေစေသည်။ အာဟာရအရည်ကို သန့်ရှင်းစွာ ကလေးထံပို့ပေးရသည်။ ပြွန်များဖြင့် ချက်ကြိုး

ကို အစားထိုးပေးသည်။ စစ်ယူသည့် စက်ကိရိယာများဖြင့် အချင်းကို အစားထိုးပေးသည်။ ကြည့်ရန်။ artificial lung

Asiasat (1)(N) (အေးရှားဆက်ထ် ဝမ်း) ၎င်း ဆက်သွယ်ရေး ဂြိုဟ်တုသည် စင်ကာပူနိုင်ငံ၏ အရှေ့ဘက်ကောင်းကင်ယံ၌ တည်ငြိမ်စွာ တည်ရှိသည်။ ရုပ်သံလွှင့်စက် ၂၄ လုံး ပါရှိပြီး ၁၂လုံးကို အာရှတိုက်မြောက်ပိုင်းနှင့် ၁၂ လုံးကို အာရှတိုက် တောင်ပိုင်းအတွက် သုံးပါသည်။ ဟတ်ချီဆန် ဆက်သွယ်ရေးက စက် ၁၂ လုံးကို ပိုင်သည်။ အားကစား သတင်းများ ရုပ်ရှင်များကို အမေရိကန်နိုင်ငံမှယူပြီး ပါးလ်စနစ်ဖြင့် ထုတ်လွှင့်သည်။သတင်းများကို ဗြိတိသျှအသံလွှင့်ဌာနမှရယူပြီး ပါးလ်စနစ်ဖြင့်ထုတ်လွှင့်သည်။ ၎င်း၏ဟတ်ချီဆန် ကော်ပိုရေးရှင်းပိုင် စတားရုပ်မြင်သံကြားကို ပါးလ်စနစ်ဖြင့် မကာအိုစခန်းမှ ထုတ်လွှင့်သည်။ စတားရုပ်သံလွှင့် အစီအစဉ်များသည် ကြော်ငြာမှရသည့် ဝင်ငွေတစ်ခုတည်းအပေါ်တွင်သာ ရပ်တည်သည်။ ၎င်းတွင် လမ်းကြောင်း ထိန်းဓာတ်ငွေ့သုံး ဒုံးစနစ်ပါရှိပြီး တစ်နာရီလျှင် ၆၈၇၀မိုင် နှုန်းဖြင့် ကမ္ဘာကို ပတ်နေသည်။ ကြည့်ရန် satellite, PAL, transceiver (2) ၁၉၉၅ ခုနှစ်က လွှတ်တင်ခဲ့သော အမေရိကန်ဂြိုဟ်တု ဖြစ်၍ ဒေါ်လာသန်း ၁၉၀ တန်သည်။ ၎င်းတွင် စီ-အမျိုးအစား ဖမ်းလွှင့်စက်အကြီး ၂၈ လုံး၊ ကျူ အမျိုးအစား ဖမ်းလွှင့်စက်အသေး ၆ လုံး ပါဝင်သည်။ ဂျပန်မှ ဘာလင်၊ အင်ဒိုနီးရှားမှ ရုရှားအထိ ဖမ်းယူနိုင်၍ မော်လဒိုက်နိုင်ငံအထက်မှာ တည်ရှိမည်။ စီအမျိုးအစားလှိုင်းကို ၃.၅ မီတာစလောင်းနှင့် ဖမ်းယူနိုင်ပြီး၊ ကျူအမျိုးအစားကို ၀.၅ မီတာ စလောင်းနှင့် ဖမ်းယူနိုင်သည်။ ကြည့်ရန်။ Intelsat, satellite, c-band , ku - band, transceiver

Asimo (N) (အာဆီမို) ဟွန်ဒါကုမ္ပဏီက ထုတ်လုပ်သည့် အသံကို သိနားလည်နိုင် စွမ်းသော လူသားပုံသဏ္ဍာန်ရှိ စက်ရုပ် ဖြစ်သည်။

၂၀၁၀ပြည့်နှစ် နောက်ပိုင်းတွင် ယင်းကို လုံခြုံရေးလုပ်သား၊ စားပွဲထိုး၊ ဧည့်ခံ ဖျော်ဖြေသူ စသည်တို့အဖြစ် အသုံးပြုသည်။ ၎င်းကုမ္ပဏီသည် SDR3X စက်ရုပ်ကို ၂၀၀၀ပြည့်နှစ်က တီထွင်ခဲ့သည်။ လူကြိုက်များသော AIBO ခွေးစက်ရုပ်ကို အခြေခံသည်။ SDR3X သည် အာကာသယာဉ်မှူးကဲ့သို့ ဦးခေါင်းစွပ်, စွပ်ထားသည်။ ဦးနှောက်ကို ကျောပိုးအိတ်မှာ ထည့်ထားသည်။ ၎င်း၏ အရပ်မှာ နှစ်ပေနီးပါးရှိပြီး (၁၁)ပေါင်လေး၍ တန်ဖိုးမှာ ကားတစ်စီး၏ တန်ဖိုးလောက် ပေးရသည်။ အနာဂတ်မှာ ကိရိယာ တန်ဆာပလာများအတွက် လုပ်ဆောင်မှု အစီအစဉ်များနှင့် နေ့စဉ်နေထိုင်မှုဘဝအတွက် လိုအပ်သော အချက်အလက်တို့ကို Online ပေါ်မှာ စုဆောင်းခြင်း၊ ဖလှယ်ခြင်း၊ ပြန်လည်အသုံးချတာခြင်းတို့ကို လုပ်မည်။ အင်တာနက်နှင့် ဆက်သွယ်အသုံးပြုပါလိမ့်မည်။ ထို့အပြင် ရိုးဘော့ကို စောင့်ကြည့်သော မော်နီတာ တပ်ပြီး စေခိုင်းပါလိမ့်မည်။ မီးဖိုခန်းသုံး ရိုးဘော့၏ အာရုံခံနိုင်စွမ်း မြင့်မားသော Microelectro mechanical system အာရုံခံသည် 0.3 ဂရမ် အထိ တုံ့ပြန်မှု ရှိပါသည်။ ကြည့်ရန် robot, computer, controller

ATA-3 (အေတာ ထရီး) PC ကွန်ပျူတာသို့ disk drive နှင့် tape drive တို့ ကဲ့သို့သော... ရုပ်သံ မီဒီယာအမျိုးမျိုး တွဲဆက်ရန်သုံးသော လက်တွေ့စံချိန်စံညွှန်းတစ်ခု ဖြစ်သည်။ ကြည့်ရန်။ media, disk drive, computer

Atomic clock (N) (အက်တမ်းမစ်ခ်က လော့ခ်) နှစ်သစ် စတင်ချိန်ကို တွက်ချက် သတ်မှတ်ရာ၌ သိပ္ပံပညာရှင်တို့သည် အနုမြူ နာရီကို အသုံးပြုကြသည်။ ၎င်းကို ကယ်လီ ဖိုးနီးယားပြည်နယ် ပါလိုအယ်လ်တို မြို့မှ Hewlett Packard ကုမ္ပဏီက ထုတ်လုပ်သည်။ ၎င်းသည် နှစ်ပေါင်း ၈၀၀၀၀၀ အကြာတွင်မှ တစ်စက္ကန့်သာလွဲသည်။ ထိုသို့ အချိန်

တိကျစွာ ဖြစ်ပေါ်စေရေးတွင် ကွမ်တမ်ရူပဗေဒသည် အခြေခံဖြစ်သည်။ ၎င်းတွင် တုန်ခါနေသော မိုက်ခရိုဝေ့ဖ်လှိုင်းများက အချိန်အတိအကျ သတ်မှတ်ပေးသည်။ ယင်းမိုက်ခရိုဝေ့ဖ်လှိုင်းများ၏ ကြိမ်နှုန်းကို မှန်ကန်စေရန် ထိန်းကွပ်ပေးရာ၌ characteristic အနုမြူကို အသုံးပြုထားသည်။ ကြည့်ရန် Quantum, microwave, auto matic frequency control, MNR, frequency to voltage converter, voltage controlled oscillator, klystron

Atomic Packing factor (အက်တွမ်မစ်ခ်ပက်ခ်ကင်းဂ်ဖက်တာ) ယူနစ်ဆဲလ်အတွင်းရှိ အက်တမ်များက နေရာယူသော ထုထည်နှင့် ယူနစ်ဆဲလ်၏ ထုထည်တို့၏ အချိုးဖြစ်သည်။

Atomic radius (အက်တွမ်မစ်ခ် ရေးဒီး ယတ်စ်) ကပ်လျက်တည်ရှိသော မျိုးတူ အနုမြူနှစ်ခုတို့အကြားရှိ အကွာအဝေး၏ ထက်ဝက်ကို ခေါ်သည်။

နဲ

Attractions (N) (အထရက်ရှင်းန်စ်) ဂြိုဟ်တု စလောင်းအစီအစဉ်ကို ထုတ်လွှင့်သောဌာန၏ အထူးပရိုဂရမ်များအား ကြိုတင်ကြည့်ရှုခြင်းများ။ ကြည့်ရန်။ satellite receiver

Authentication(N) ( အော်သဲန်းတီကေး ရှင်းန်) ကွန်ပျူတာတစ်ခုတွင် log on လုပ်သော သူသည် စာရင်းဖွင့်ပေးထားသော သူသာဖြစ်စေရန်၊ ကွန်ပျူတာစနစ်က စိစစ်ရာတွင် အသုံးပြုသော အစီအစဉ်ဖြစ်သည်။ အချို့သော ကွန်ရက်တို့၏ authentication ၏ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ password စကားဝှက်ကို တောင်းခြင်းပင်ဖြစ်သည်။ သို့သော်လည်း ၎င်းတွင်လုံခြုံရေး အပြစ်အနာအဆာ

တော်တော်များများ ရှိသေးသည်။ ကြည့်ရန် password, log on

Autodyne (N) (အော်တိုဒိုင်း) ရှေးခေတ် က အသံဖမ်းစက်တစ်မျိုး ဖြစ်သည်။ အဝင်သယ်လှိုင်းကို လိုအပ်ကချဲ့၍ ကြိမ်နှုန်းနှင့် အသွင် ကိုက်ညီအောင် ပြုလုပ်ထားသော local စက်တွင်းပါ အော်စီလေတာ နှင့် beat လုပ်သည်။ ဤလုပ်ငန်းစဉ်မှရသော beat အသံသည် မူရင်း လှိုင်း သသောအသံ ဖြစ်သည်။ ကြည့်ရန်။ superheterodyne, radio, local oscillator, beat freq, phase control

Auto transformer (N) (အော်တို ထရဲန်စ် ဖောမ်းမာ)အစများစွာ ထုတ်ထားသော ဝါယာအခွေတစ်ခုတည်းသာ ပါသည့် လျှပ်တာပြောင်း တစ်မျိုးဖြစ်သည်။ ကြည့်ရန်။ transformer, variac

Automated chemistry analyzer (N) (အော်တိုမေ့တ်တစ်ဒ် ကဲမ်မ စ်စ်ထရီ အနယ် လိုက်ဇာ) ၎င်းစက်ဖြင့် သွေးချိုပမာဏကို တိကျစွာ ရှာဖွေနိုင်သည်။ ထို့အပြင် ဆီးချိုရှိသောသူတို့၏ နှလုံးသွေးကြောများကို ကျဉ်းစေမည့် ကိုလက်စထရော တြိုင်ဂလစ်စရိုက် အစရှိသော သွေး အဆီများ၏ အန္တရာယ်ပေးနိုင်သည့်ပမာဏ သွေးထဲတွင်ရှိ/မရှိ ရှာဖွေ ပေးနိုင်သည်။ Bayer ကုမ္ပဏီမှ DCA 2000 သို့မဟုတ် HBA-1 C စက်ဖြင့် လွန်ခဲ့သော သုံးလတစ်လျှောက်ရှိခဲ့သော သွေးချိုပမာဏကို ခန့်မှန်းပေး နိုင်သည်။

Average deviation (N) (အဲဗရေ့ချ် ဒီဗီ ယိတ်ရှင်းန်) ၎င်းသည် တိုင်းတာချက်၏ တိကျမှုကိုပြသည်။ ၎င်းပျမ်းမျှ သွေဖည်မှုကိန်းသည် ကြီးမားပါက ရလဒ်များသည် တစ်ခုနှင့်တစ်ခု အလွန်ကွာခြားကြောင်း ကိုပြပြီး၊ တိကျမှုမရပါ။ ၎င်းကို တွက်ချက်ရန် သွေဖည်မှုများ၏ ပကတိ ပမာဏများကို ရှာဖွေပြီး ပျမ်းမျှ တန်ဖိုးကို တွက်ရသည်။ ကြည့်ရန်။

statistics, propable error

Average value (N) (အဲဗရေ့ချ် ဗဲလျူး) လှိုင်းတစ်ခု၏ မျဉ်းတစ်ကြောင်းအပေါ်ဘက်ရှိ ဧရိယာနှင့် အောက်ဘက်ရှိ ဧရိယာတို့သည် တူညီသောအခါ ထိုမျဉ်းသည် ထိုလှိုင်း၏ ပျမ်းမျှတန်ဖိုးကို ပြသည်။ ကြည့်ရန်။ Peak to peak value, root mean square value

AWG (N)(**အေဒဗလျူဂျီ**) ၎င်းသည် American wire gauge ၏ အတိုကောက်ဖြစ်သည်။ အကြီးဆုံးမှ အငယ်ဆုံးဝါယာနံပါတ်များမှာ 0000,000,00,0,1,2,......50,51 စသဖြင့် ဖြစ်သည်။ ကြည့်ရန်။ Brown and sharpe Gauge, American wire Gauge

Axial Lead (N) (အိတ်ဇ်ဇီရယ်လ် လိဒ်) ၎င်းသည် ပစ္စည်းကိုယ်ထည်၏ နှစ်ဘက်အစွန်းတို့တွင်ရှိသော ဆက်သွယ်ရန်သုံးသည့် ကြေးနန်းကြိုးများကို ခေါ်သည်။ ကြည့်ရန်။ coaxial cable, braided wire, twin cable

*

# B

Background radiation (N) (ဘက်ခ် ဂရောင်း ရေဒီယိတ်ရှင်းန်) ကမ္ဘာပေါ်သို့ ကျရောက်သော ကော့မစ်စကြဝဠာရောင်ခြည် ကြောင့်လည်းကောင်း၊ မြေလေကျောက်တို့အတွင်းရှိ ရေဒီယို အိုင်ဆိုတုပ်များ (c14, k40) ၏ သဘာဝအလျောက်ဖြစ်ပေါ်ပြီး တည်ရှိနေမှုကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာသော ရေဒီယိုသတ္တိကြွမှု ပြင်းအားနည်းနည်းကို ဆိုလိုသည်။ ကြည့်ရန်။ background noise, background count

Baird, John L(N) (ဘေ့ဒ်ဂျွန်အယ်လ်) ၎င်းသည် ဗြိတိသျှသိပ္ပံပညာရှင်ဖြစ်၍ ၁၉၂၅ ခုနှစ်တွင်တီဗွီကို တီထွင်ခဲ့သည်။ ၎င်းတီဗွီတွင် လည်ပတ်နေသော mirror drum ဖိုတိုအီလက်ထရစ်ဆဲလ်မှာ မှန်ဘီလူးများ၊ လေဟာမီးသီးများကို သုံး၍ ပြုလုပ်နိုင်ခဲ့သည်။ ၁၉၂၈ ခုနှစ်တွင် အတ္တလန်တိတ်သမုဒ္ဒရာကိုဖြတ်၍ ရုပ်ပုံများ ပေးပို့နိုင်ခဲ့သည်။ အလင်းရောင်သည် ဆိုဒီယမ်နှင့် ပိုတက်စီယမ်တို့အပေါ် ကျရောက်ပါက ၎င်းတို့၏ မျက်နှာပြင်မှ ဖိုတိုအီလက်ထရွန်များ(လျှပ်စီးကြောင်း) ထွက်လာစေသည်။ ထို့နောက် ထက်အောက်ရွေ့လျားနေသည့် တောက်ပသော အလင်းစက်ဖြင့် ပို့မည့်ဓာတ်ပုံကို ချိန်ထိုးသည်။ တစ်ဖန် ဓာတ်ပုံကို ဖြည်းဖြည်း ရွေ့လျားစေပြီး ဓာတ်ပုံကို ကြိုးမဲ့ကြေးနန်းဖြင့် ပေးပို့ခဲ့သည်။ ဓာတ်ပုံ ဖမ်းရာတွင် ဓာတ်ပုံလွှင့်ခြင်း၏ ပြောင်းပြန်

ကို ပြုလုပ်ခဲ့သည်။ ကြည့်ရန် Photo electric cell, vacuum, tube, wireless

Balanced bridge (N) (ဘဲလဲင့်စ်ဒ် ဘရစ်ချ်) bridge ကို အထွက် အချက်ပြ သုညဖြစ်စေသော ချိန်ညှိမှုအနေအထားတစ်ခု ဖြစ်သည်။ ကြည့်ရန်။ bridge, wien bridge

Balanced force (ဘဲလဲင့်စ်ဒ် ဖို့စ်) အရာဝတ္ထုတစ်ခု၏ ကိုယ်ထည် အပေါ်သက်ရောက်သောအားများသည် ၎င်းကိုပုံသဏ္ဍာန်ပျက်စေခြင်း သို့မဟုတ် အမြန်နှုန်း ပြောင်းစေခြင်း မဖြစ်စေခဲ့သော အားများကို ခေါ်သည်။

Barometer (N) ( ဘရိုမီတာ) လေထု ဖိအား/ ဖိနှိပ်သိပ်သည်းမှုကို တိုင်းတာသော ကိရိယာဖြစ်သည်။

Barretter (N) (ဘာရက်ထ်တား) အပူချိန် မြှောက်ဖော်ကိန်း အပေါင်းတန်ဖိုးရှိသော အပူသိကိရိယာဖြစ်သည်။ ဆိုလိုသည်မှာ အပူချိန်ကို တိုးမြှင့်ပါက ၎င်း၏ခုခံမှုလည်း တိုးလာသည်။ ၎င်းကို လျှပ်စီးကြောင်း တည်ငြိမ်အောင်ထိန်းသော ကိရိယာတွင် အသုံးပြုသည်။ သံ သို့မဟုတ် နီကယ်ကို $H_2$ သို့မဟုတ် He ပါသော မီးသီး၏ မီးစာအဖြစ် အသုံးပြုသည်။ ကြည့်ရန်။ heater

Bar suspension (N)(ဘားစပ်စ်ပန်းရှင်းန်) ၎င်းကို yoke suspension ဟုလည်း ခေါ်သည်။ လျှပ်စစ်ထရပ်ကားပေါ်တွင်သုံးသော မော်တာအထိုင် တပ်ဆင်နည်း ဖြစ်သည်။ ကြည့်ရန်။ yoke, electric car

Basov, Nikolai (N) (ဘစိုဗ် နီကိုလိုင်) (1922)1964 ခုနှစ်တွင် ရူပဗေဒ နိုဘယ်ဆုကို Prokhorov, Townes တို့နှင့်တွဲ၍ ရခဲ့သည်။ ၎င်း

တို့သည် လေဆာမေဆာတို့ကို တွေ့ရှိနိုင်သည်အထိ ကွန်တမ်အီ လက်ထရွန်နစ်ကို သုတေသနပြုခဲ့သည်။ ကြည့်ရန်။ Laser, Maser

Behavior (ဘီဟေးဗီးယား) Object-oriented ပရိုဂရမ်ရေးရာတွင် Object ဖြင့် အများက ရရှိနိုင်စေသော နည်းအမျိုးအစားဖြစ်သည်။ Object ၏ behavior များတွင် အောက်ပါနည်း ပါဝင်သည်။ (accessors/interrogator) object မှ သို့မဟုတ် object နှင့် ပတ်သက်၍ သတင်း အချက်အလက်ရယူရန် အသုံးပြုနိုင်စေသော နည်းအားလုံး ပါဝင်သည်။ ထို့အပြင် Object (manipulator/mutator) ကို ပြောင်းလဲစေသောနည်းများ သို့မဟုတ် ကိုင်တွယ်ပုံ နည်းလမ်းများလည်း ပါဝင်သည်။ ကြည့်ရန်။object - oriented programming

Bernoullis equation (ဘာနော်လီးစ် အီကွေးရှင်း) ရွေ့ရှားစီးဆင်းနေသော အရည်အတွက် Ep + Eg+ Ek = ကိန်းသေ သို့မဟုတ် အရည်၏ တစ်ယူနစ်ဒြပ်ထု အတွက် P/p +hg +½v2 = Constant ဖြစ်၍ Ep = ဖိအားစွမ်းအင်။ Eg = ကမ္ဘာဆွဲအား ပိုတင်ရှယ်စွမ်းအင်။ Ek = အရွေ့စွမ်းအင် ဖြစ်သည်။ v = အရည်၏ ရွေ့ရှားသော အလျင်။ h = အရည်၏မြေမျက်နှာပြင်မှအမြင့်။ p = အရည်၏ သိပ်သည်းခြင်း။ P = ဖိအားကြောင့်ဖြစ်သော စွမ်းအင်။

Bernoulli's Principle (ဘာနော်လီးစ် ပရင်စီပဲလ်) ဖိသိပ်၍ မရသည့် အရည်သည် ကန့်လန့်ဖြတ်ဧရိယာ အမျိုးမျိုးရှိသော ပြွန်ချောင်းအတွင်း ဖြတ်၍ စီးဆင်းသောအခါ အရည်၏ဖိအားနှင့် အလျင် တို့သည် ပြောင်းပြန်အချိုးကျသည်။

Beta rays (ဘီတာ ရေးစ်) ၎င်း၏ ဒြပ်ထုသည် အီလက်ထရွန်၏ ဒြပ်ထုလောက် ကြီးမားသည်။ ၎င်းသယ်ဆောင်သော လျှပ်စစ်မှာ

အီလက်ထရွန်မှာကဲ့သို့ ဖြစ်၍ ထိုးဖောက်နိုင်မှုမှာ ဂါမာရောင်ခြည်၏ တစ်ရာခိုင်နှုန်းသာဖြစ်သည်။ ၎င်း သည် မီးစုန်းတောက်စေသော ဂုဏ်သတ္တိ ရှိ၍၊ လေးလံသော သတ္တုပေါ်ကျရောက်ပါက ဓာတ်မှန်ရောင်ခြည် ထွက်သည်။ ၎င်း၏အလျင်သည် အလင်း၏အလျင်၏ ၃၀ % မှ ၉၀ % အတွင်းမှာ ရှိနိုင်သည်။ အိုင်ယွန်ဖြစ်စေနိုင်မှုမှာ ဂါမာရောင်ခြည်ထက် အဆတစ်ရာများသည်။

Bezier curve (ဘေဇီအေ ကာ့ဗ်) တစ်သမတ်တည်း မဟုတ်သော မျဉ်းကွေးများ၏ ပုံသဏ္ဌာန်အမျိုးမျိုးကို ဆောင်စေနိုင်သည့် သင်္ချာနည်းဖြင့် တွက်ထုတ်၍ရသော မျဉ်းကြောင်းများဖြစ်သည်။ ၎င်းကို အနည်းဆုံး အမှတ်လေးခုဖြင့် တည်ဆောက်သည်။ ခိုင်မာတည်မြဲသော အစမှတ်၊ အဆုံးမှတ်နှင့် အလယ်အမှတ်တို့ ဖြစ်သည်။ အလယ်အမှတ်များမှာ ထိန်းချုပ်လက်ကိုင်များဖြစ်၍ မျဉ်းကွေး၏ပုံသဏ္ဌာန်ကို ပြုပြင်ပေးနိုင်သော ပြင်ပအမှတ်များဖြစ်သည်။ ဂရပ်ဖစ်ရေးဆွဲရာတွင် ပုံသဏ္ဌာန်အမျိုးမျိုးရှိ၍ ရှုပ်ထွေးသော မျဉ်းများကို ကိုင်တွယ်ရန်...ထိန်းချုပ်လက်ကိုင်ကို လှုပ်ရှားပေးရသည်။ (ဖန်သားပြင်ပေါ်တွင် သေးငယ်သော သေတ္တာအဖြစ် ပြသည်။) ကြည့်ရန်။ computer, graph, graphics

Bimorph cell (N) (ဘိုင်မောဖ် ဆဲလ်) ပီဇိုလျှပ်စစ်အကျိုးကို အသုံးပြု၍ လျှပ်စစ်အချက်ပြမှုများကို ယန္တရားရွေ့ရှားမှု အဖြစ်သို့ ပြောင်းလဲပေးနိုင်သည့် ပစ္စည်းဖြစ်သည်။ ၎င်းတွင် ကျောကပ်ထားသော ပီဇိုလျှပ်စစ် ကျောက်သလင်း (rochelle salt) နှစ်ခုပါရှိ၍ ၎င်းကို ဗို့အားပေးပါက ကွေးကောက်သွားသည်။ ကြည့်ရန်။ piezo electric crystal, piezoelectricity, crystal

Biofeed back(N)(ဘိုင်အိုဖိဒ်ဘက်ခ်) လူနာ၏ ရုပ်ပိုင်းပျက်စီးမှုများကို စိတ်ပိုင်းဆိုင်ရာစွမ်းအားဖြင့် ကုစားပေးသော ကုထုံးကို ဇီဝအားသစ်လောင်းကုထုံးဟု ခေါ်သည်။ လူ၏အသိစိတ်ကို တိုးမြှင့်ရန် ၎င်းကို အသုံးပြုနိုင်သည်။ (ဥပမာ - ဆေးလိပ်၊ အရက်ဖြတ်ခြင်း) စိတ်အာရုံသည် တစ်နေရာတည်းတွင် စူးစိုက်လေ့ကျင့်ထားခြင်းဖြင့် အစွမ်းထက်မြက်လာသည်။ ဦးနှောက်လှိုင်းကို စိတ်စွမ်းအင်သုံး၍ ထိန်းချုပ်နိုင်ရန် စိတ်ပညာရှင်တို့က ကြိုးစားသည်။ ကြည့်ရန်။ Physiological automatic system, brain helmet

Biomotor (N) (ဘိုင်အိုမိုတာ) ၎င်းဇီဝ မော်တာသည် အဏုဇီဝပိုး၏ စွမ်းအင်ဖြင့် ခုတ်မောင်းမည့် ကိုယ်ခန္ဓာအတွင်းတွင် သွားလာနိုင်သော ရေငုပ်ယာဉ် ဖြစ်သည်။ ၎င်းကို အဏုကြည့်မှန်ပြောင်းဖြင့်သာ မြင်နိုင်ပြီး၊ ဆေးဝါးဖြန့်ခြင်း၊ အဖုအကျိတ်ဖျက်ဆီးခြင်း၊ သွေးခဲဖြိုခွဲခြင်း တို့ကို ပြုလုပ်နိုင်သည်။ ၎င်းကို အမေရိကန်ပြည်ထောင်စု၊ ယူတာပြည်နယ် တက္ကသိုလ်မှ Eldrid Sequeira က ၂၀၀၀ပြည့်နှစ် တွင်တီထွင်ခဲ့သည်။ သုံးမည့်ပိုးက Salmonella Typhimurium ဖြစ်ရန် အကြောင်းရှိသည်။ ၎င်းတွင် စီလီကွန်နှင့် ဖန်တီးထားသော အပြားဝိုင်းတစ်ခု တပ်ထားသည်။ အဝိုင်း၏ အလယ်ကိုဖြတ်ပြီး ဝင်ရိုးတစ်ခုရှိသောကြောင့် ပန်ကာကိုလည်း လည်စေမည်။ အပြားဝိုင်းမျက်နှာပြင်ပေါ်တွင် ရေကူးလှုပ်ရှားနိုင်သည့် အဏုဇီဝပိုးမွှားများ တွယ်ကပ်နိုင်သော ဒလက်ငယ်များ ပါသည်။ တစ်ချိန်တည်းတွင် ခန္ဓာကိုယ်ပြင်ပမှ သံလိုက်စက်ကွင်းဖြင့်မောင်းနှင်နိုင်မည့် ဇီဝမော်တာကို ဖန်တီးရန် ဂျာမနီနိုင်ငံမှ Micro TEC ကုမ္ပဏီက ကြိုးစားနေပါသည်။ ကြည့်ရန် motor, silicon, magnetic field

Biorhythm (ဘိုင်အိုရစ်သဲမ်) ၎င်းဇီဝနရီ စည်းချက်များသည် လူ

ကိုယ်ခန္ဓာထဲတွင် သဘာဝအတိုင်းတည်ရှိနေ၍၊ စည်းဝါးကိုက်ဖြစ်ပေါ်နေသော ရုပ်ပိုင်း၊ စိတ်ပိုင်း၊ မှတ်ဉာဏ်ပိုင်းများ၏ တက်ကြွမှု၊ ကျဆင်းမှု ဖြစ်စဉ်များဖြစ်သည်။ ၁၉၂၀ ပြည့်နှစ်တွင် ပင်ဆာဗေးနီးယားမှ Rexford Hersey က အောက်ပါသီအိုရီကို ကြေညာခဲ့သည်။ မွေးဖွားပြီးသည့်မှစတင်ကာ၊ မတူသော အချိန်အပိုင်းအခြားအလိုက် အချိန်မှန်မှန် အောက်ပါအတိုင်း လည်ပတ်နေသည်။ ရုပ်ပိုင်းဆိုင်ရာအတွက် ၂၃ ရက်၊ စိတ်ပိုင်းဆိုင်ရာအတွက် ၂၈ ရက်၊ အသိဉာဏ် ဆိုင်ရာအတွက် ၃၃ရက် ဖြစ်သည်။ ထို့ကြောင့် အတက်မှအကျသို့ ပြောင်းသည့် အမှတ်သုံးခုရှိသည်။ အသက် ၅၈ နှစ်တွင် နာရီစည်းချက်သုံးခုစလုံးသည် အနိမ့်ဆုံးစွမ်းရည်များနှင့် တစ်ထပ်တည်း ကျလေ့ရှိသည်။ ဇီဝနာရီစည်းချက်များ၏ အခြေအနေတို့ကို သိလိုပါက သုံးရမည့် ပုံသေနည်းများမှာ ...ရုပ်ပိုင်းဆိုင်ရာ နာရီစည်းချက်=Sin ( 2pt 23 ) စိတ်ပိုင်းဆိုင်ရာ နာရီစည်းချက် = Sin ( 2pt 28) အသိဉာဏ်ပိုင်းဆိုင်ရာ နာရီစည်းချက် = Sin ( 2pt /33) ဖြစ်၍ အပေါင်းဆောင်ကိန်း များသည် အကောင်းဘက်သို့ ညွှန်ပြ၏။ t = မွေးနေ့မှစ၍ ရေတွက်သည့် ယနေ့အထိ ရက်ပေါင်းဖြစ်သည်။ P = 3.822 ဖြစ်သည်။

Biot Savart law (ဘိုင်အော့ ဆဗော့စ် လော) (၁)ပုံသဏ္ဍာန်အမျိုးမျိုးရှိသော လျှပ်စစ်ပတ်လမ်းအတွင်း လျှပ်စီးကြောင်းစီးသဖြင့် အမှတ်တစ်ခုခုမှာရှိသော သံလိုက်စက်ကွင်း ပြင်းအားကိုရှာရန် သုံးသည်။ dB ဗက်တာ= (Vo Idl x r )÷(4 x 3.14 x rE3) ၎င်းတွင် B, l, r တို့သည် ဗက်တာများ ဖြစ်သည်။ dB = UoI .dlsin ø ÷ (4 x 3.14 x rr ) ၎င်းတွင်ø သည် l နှင့် r တို့အကြား တွင်ရှိသော ထောင့်ဖြစ်သည်။ ဗက်တာ dB ၏ လားရာသည် dl x r ဗက်တာ၏လားရာနှင့် တူညီသည်။ (၂) မည်သည့် လျှပ်ပတ်လမ်းပုံမဆို ရှိသော၊ လျှပ်ပတ်လမ်းအတွင်းစီးသည့် လျှပ်စီး

ကြောင်း ကြောင့် အမှတ်တစ်ခုတွင် သံလိုက်စက်ကွင်းတစ်ခု ဖြစ်လာသည်။ ၎င်းတွင်ရှိသော သံလိုက်အားလမ်းကြောင်း သိပ်သည်းခြင်းdB = U0 / 4 x 3.14 (I . dl x r ) ÷ $r^{3}$ ဖြစ်သည်။ dl = လျှပ်ကူးဝါယာတစ်ခု၏ သေးငယ်သော အလျားဗက်တာ။ I = လျှပ်ကူးဝါယာတစ်ခုအတွင်း ဖြတ်သန်းသွားသော လျှပ်စီးကြောင်း ဗက်တာ။ dB =သံလိုက်အားလမ်းကြောင်း သိပ်သည်းခြင်းဗက်တာ။ ကြည့်ရန်။ sole noid, electromagnet, relay, magnetic field, current, magnetic flux

Block by block (ဘလော့က် ဘိုင် ဘလော့က်) MAC ချင်နယ်အတွင်း HDTV အချက်ပြမျှားကို စကားဝှက်ဖွဲ့၍ ပေးပို့နိုင်စေရန် band width compresion ဖိသိပ်ခြင်းကို လေးဆလောက် ပြုလုပ်ရမည်။ ရုပ်ပုံအတွင်းရှိ ရွေ့လျားနိုင်သောအပိုင်းတွင် စကားဝှက်ဖွဲ့သော စဉ်းလိုင်းစစ်၏ သဘာဝ သို့မဟုတ် subsampling ရွေးချယ်၍ တစေ့တစောင်းထောက်လှမ်းသော လုပ်ငန်းစဉ်ကို decoding စကားဝှက်ဖော်သောဘက်ရှိ လုပ်ငန်းစဉ်က adapt အသေလိုက်နိုင်ရမည်။ ရုပ်ပုံအတွင်းရှိ block by block အပိုင်းတိုင်းကို လိုက်၍ မှတ်တမ်းတင်ပြီး ထိရောက်သော စကားဝှက်ဖွဲ့ခြင်း လုပ်ငန်းစဉ်တို့ကိုလုပ်ပြီး ထိုအပိုင်း၏ ရွေ့လျားမှုကိုလိုက်၍ ခလုတ်ပြောင်း လုပ်ဆောင်နိုင်ရမည်။motion adaptive progressive scan converter (လှုပ်ရှားလျှင် အသေလိုက်သောစဉ်ဆက်တစေ့တစောင်း ဖတ်ကိရိယာ)အတွင်း လုပ်ဆောင်မှုတွင် 10 MHz အမြန်နှုန်းဖြင့် ရိုက်ထားသော ဓာတ်ပုံများကို low pass filter နှစ်ခုဖြင့် လိုင်းစစ်စေပြီး (aliasing) ထင်ယောင်ထင်မှား ပုံရိပ်များ ကင်းမဲ့၍ 1250 လိုင်းပါသော ပုံရိပ် (quincunx) ကို 54 MHz အမြန်နှုန်းဖြင့် ပြန်ဖွဲ့နိုင်ရသည်။ စက်ကိရိယာအတွင်းမှာ လုပ်သော (sub sampling) အခြေခံတစေ့တစောင်းဖတ်မှု အသေးစိတ်တစ်ခု၏လုပ်ငန်းစဉ်တွင် field ရုပ်ပုံ

လေးခု အစဉ်လိုက် ပြုစုပေးသည်။ ၎င်းအချက်ပြကို တောက်ပမှု sampling လုပ်သောနှုန်းထက်လေးဆမြန်သောနှုန်း (13.5x4MHz) ဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ စကားဝှက်ဖွဲ့သောဘက်တွင်ရှိသော လိုင်းစစ်မှု အစီအစဉ် သတင်းကို ရုပ်သံဖမ်းစက်သို့ digitally assisted TV ချန်နယ်လမ်းကြောင်းမှပို့ပေး သည်။ HD-MAC ရုပ်ပုံ၏ အရည်အသွေး နှင့် MAC Compatible (HDTV အစားထိုး TV) ရုပ်ပုံ၏ အရည်အသွေးတို့ အကြား လိုအပ်သလို မျှမျှတတ လုပ်ပေးနိုင်ရန် ရှေ့ပိုင်းနှင့်နောက်ပိုင်း လိုင်းစစ်တို့ကို လည်းကောင်း၊ motion adaptive processing အမျိုးအစား တို့ကိုလည်းကောင်း၊ ခွဲခြားသတ်မှတ်ပေးရမည်။ (A.DHAKE)

B-MAC (ဘီမက်စ်) ၎င်းသည် 1985 ခုနှစ်က စ၍ Australia နှင့် India တို့တွင် အသုံးပြုသော TV အချက်ပြ၏ ရုပ်သံသယ်လိုင်း ဆိုင်ရာ FDMX ဒစ်ဂျစ်တယ် ထုတ်လွှင့် နည်းစနစ်ဖြစ်သည်။ TV ၏ aspect ratio 16:9 လောက် မြင်ကွင်းကျယ်အောင် လုပ်ပေးနိုင်သည်။ ၎င်းတွင် ဒစ်ဂျစ်တယ် အသံသာ HiFi ချန်နယ် ခြောက်လိုင်းအထိ အသုံးပြုနိုင်သည်။ အရောင်စနစ် တွင် R-Y နှင့် B-Y အချက်ပြတို့အတွက် တစ်လိုင်းခြားစီ Line Sequential အစဉ်လိုက် ပို့လွှတ်သောပုံစံကို အသုံးပြုသည်။ (A.DHAKE)

Body centred cubic (N) (ဘော်ဒီစင် တာဒ် ကျူးဘစ်ခ်) ကျောက်သလင်းငြမ်း၏ ဆုံမှတ်များသည် ယူနစ်ဆဲလ်၏ ဆုံမှတ်များတွင်၎င်း၊ ယူနစ်ဆဲလ်၏ ဗဟိုတွင် လည်းကောင်း တည်ရှိသည်။ ထိုဆုံမှတ်တို့တွင် အနုမြူများတည်ရှိသည်။ ၎င်းတစ်ယူနစ် ဆဲလ်တွင် အနုမြူနှစ်လုံးရှိသည်။ (apf = 0.6, radius = 1.3 x 10 E - 10m, နျူကလိယပ် = 10 E - 15m)

Bolometer (N) (ဘိုလိုမီတာ) ၎င်းသည် အပူချိန်ကြောင့် လျှပ်ကူးပစ္စည်း၏ ခုခံမှု ပြောင်းလဲသော အကျိုးကိုအသုံးပြု၍ ဖြာထွက်စွမ်းအင် အနည်းငယ်ကို တိုင်းတာသောပစ္စည်း ဖြစ်သည်။ ကြည့်ရန်။ thermistor, radiomicrometer. radiobalance.

Bonds in solid (ဘွန်းဒ် အင် ဆောလစ်ဒ်) (1) ionic bond (2) Covalent bond (3) mettallic bond (4) Vander Waal band ဟူ၍ အနုမြူအချင်းချင်း ချိတ်နှောင်ထားသော စည်းအမျိုးမျိုး ရှိကြသည်။

Boost Converter (ဘုစ်တ် ကွန်ဗတ်တာ) အဝင်ဗို့အားထက် အထွက်ဗို့အားက ပို၍မြင့် switching mode အမျိုးအစား converter ဗို့အားထိန်းပစ္စည်းဖြစ်သည်။ ၎င်းလျှပ်ပတ်လမ်းတွင် ထရန်စစ္စတာ ခလုတ်၊ ဒိုင်အုတ် လျှပ်ညှိ့တို့ပါဝင်သည်။ အဝင် DC ဗို့အားကို ခွ၍ လျှပ်ညှိ့နှင့် ခလုတ်တို့ကို စဥ်ဆက် ဆက်ပြီး ချိတ်ထားသည်။ တစ်ဖန် ခလုတ်ကို ခွ၍ဒိုင်အုတ်နှင့်ဝန်တို့ကို စဥ်ဆက်ဆက်ထားသည်။ ၎င်း၏ညီမျှခြင်းများမှာ အောက်ပါအတိုင်းဖြစ်သည်။ Vout =Vin ÷ ( 1 - Dc) နှင့်Ip = Iout Vout / Vin ဖြစ်သည်။ Boost inverter တွင် အဆက်မပြတ်နှင့် အဆက်ပြတ်ဟူ၍ နှစ်မျိုးရှိသည်။ Dc = duty cycle နှင့် Ip = အဝင်လျှပ်စီးကြောင်း switching ခလုတ်နှင့် ဒိုင်အုတ်တို့၏အများဆုံးလျှပ်စီးကြောင်းတို့ ဖြစ်သည်။ switching ဖွင့်ပိတ်လုပ်နေသောအချိန်တွင် ဗို့စက္ကန့်သည် တစ်ပတ်လည်အတွင်း တူညီပါမှ သံလိုက်ဓာတ်ပြည့်ဝမှု ပြဿနာမှ ရှောင်ရှားနိုင်မည်။ ဆူညံသံနှင့် အန္တရာယ်ကင်းရေး သတ်မှတ်ချက်လက်မှတ်များမှာ- ဆူညံသံအတွက် MIL, VDE, UL, FCC ဖြစ်သည်။ ကြည့်ရန်။ buck, flyback, forward

Booster (N) (ဘုစ်ထ်တာ) ၎င်းသည် အချက်ပြ အားကောင်းလာစေ

ရန်မြှင့်တင်ပေးသည်။ ၎င်းတွင် စီအမျိုးအစားနှင့် ကျူအမျိုးအစား ဟူ၍ရှိသည်။ ၎င်းသည် သုညမှလေးဆယ် ဒီဂရီစင်တီဂရိတ်အထိ ခံနိုင်ရသည်။ ထို့အပြင်ဂြိုလ်တုမှ 4GHz လှိုင်းကို ဖမ်း၍1GHz သို့ပြောင်းပြီး၊ လှိုင်းဖမ်းညှိစက်သို့ပို့သည်။ စလောင်း၏ ဆုံချက်တွင် ၎င်းကိုတပ်ထားသည်။ သတိပြုရန်မှာလားရာချိန်သော ကြေးချောင်းဖြစ်သည်။ ရေပြင်ညီလှိုင်းများ အတွက် ကြေးချောင်းကို ရေပြင်ညီအတိုင်း ထားရသည်။ ဒေါင်လိုက်လှိုင်းများအတွက် ကြေးချောင်းကို ဒေါင်လိုက်ထားရသည်။ ကြည့်ရန်။ Ku-band, tuner, stud

Brain (N) (ဘရိန်းန်) ဦးနှောက်တွင် ပါဝင်သော အစိတ်အပိုင်းများမှာ အောက်ပါအတိုင်းဖြစ်သည်။ (cerebral hemisphere, parietal lobe, frontal lobe, occipital lobe, corpus collosum, fornix, thalumus, hypthalamus, cerebellum, midbrain, pons, medulla oblongate ...) လူတစ်ယောက်၏ တွက်ချက်ခြင်း၊ စဉ်းစားခြင်း၊ မှတ်သားခြင်းတို့ကိုပြုရာ အစိတ်အပိုင်း ဖြစ်သည်။ ၎င်းတွင် နျူရွန်ဆဲလ်များဖြင့် တည်ဆောက်ထားသော နျူရယ်ပတ်လမ်းများစွာရှိ သည်။(၎င်းတို့သည် ဓာတုလျှပ်စစ်ပတ် လမ်းလေးများဖြစ်၍ တိုးချဲ့ဖွဲ့စည်းခြင်း သို့မဟုတ် ယုတ်လျော့ဖွဲ့စည်းခြင်း ဖြစ်နိုင်သည်။)မှတ်ဉာဏ်ကောင်းစေရန် အောက်ပါအတိုင်း ပြုလုပ်နိုင်သည်။ လူမှုဆက်ဆံရေး ကောင်းစေရန် ပြုလုပ်ခြင်း။ အားကစားပြုလုပ်ခြင်း၊ အာဟာရရှိသော အစာများစားခြင်း။ ရှင်လန်း ရယ်ရွှင်နေတတ်ခြင်းဖြင့် ဦးနှောက်ကို အားပေးသော ဒိုပါမင်းဓာတ်တိုးစေခြင်း။ ကိုလက်စထရောအဆီကို လျှော့၍စားခြင်း။ ဦးနှောက်ကို အမြန်နှုန်းမြှင့်စေရန် လေ့ကျင့်ပေးခြင်း။ ကောင်းစွာအိပ်စက်ခြင်း။ ဟစ်ပိုကမ်ပတ်စ်မှတ်ဉာဏ်ကို နှောင့်ယှက်သော စိတ်ဖိစီးမှုကို လျှော့ချခြင်း။ ဆေးလိပ်၊ အရက်ရှောင်ခြင်း။ ဦးခေါင်းဒဏ်ရာ

မရစေခြင်း။ ပဲသီး၊ အစေ့အနှံ၊ အမွှေးအကြိုင်၊ အခွံမာသီး၊ ဟင်းသီးဟင်းရွက် တို့ကို စားသုံးခြင်းတို့ ဖြစ်သည်။ ဓာတ်တိုး ဆန့်ကျင် ပစ္စည်းသည် ကင်ဆာရောဂါကို ကုသခြင်း သို့မဟုတ် ချုံ့ရှုန်များကို အားပေး ခြင်းကိုပြုသည်။ ထိုသို့ပြုနိုင်စေရန်၊ အားကစားပြုခြင်း၊ အာဟာရစားခြင်း၊ free radical များ လျှော့ချခြင်းတို့ကို ပြုပေးရသည်။ ကြည့်ရန်။ neuron, neural network

Brain helmet(N) (ဘရိန်းဟဲလ်မက်တ်) ၎င်းသည် အာရုံကြော ဆိုင်ရာ နောက်ဆုံး အောင်မြင်မှုဖြစ်၍ အာရုံခံမှုများကို နားလည်စေ မည်။ ဆရာဝန်က လူနာ၏ ရောဂါလက္ခဏာများကို စမ်းသပ်ပြီး ကိုယ်တိုင်ခံစားကြည့်ရာတွင်သုံးမည်။ ၎င်းဦးထုပ်ကိုဆောင်းရန် ခေါင်းတုံးဖြစ်ရန် လိုပါသည်။ ကြည့်ရန်။ Brain, magnetic resonance, compurterized axial tomography

Breakdown region (N) (ဘရိတ်ဒေါင်း ရီဂျံင်န်) ထရန်စစ္စတာတစ် ခုအတွင်း ဖျက်စီးနိုင်သော လျှပ်စီးကြောင်းကို စီး စေနိုင်သည့် collector ပေး ဗို့အားများကို ခေါ်သည်။ ကြည့်ရန်။thy rister, insulation, thermal runaway

Bridge converter (ဘရစ်ချ် ကွန်ဗတ်တာ) ၎င်းတွင် half bridge နှ င့် full bridge ဟူ၍ နှစ်မျိုးခွဲခြားထားသည်။ Half bridge လျှပ်ပတ်လမ်း ကို 500w ဒီစီဓာတ်အားပေးစက်မှာ သုံး၍.. full bridge ကို 1000 w ဓာတ်အားပေးစက်မှာသုံးသည်။ ၎င်း၏ ထူးခြားချက်များမှာ အောက်ပါ အတိုင်းဖြစ်သည်။ converter efficiency = 80% Max . duty cycle = 0.8, Max .transistor working voltage vw = vinmx 2 E0.5 Guard band, working frequency = 20 - 200 KHZ = fw, Iw = maximum working

current, Iw = 2 pout ÷ {efficiency x Dc mx x vinmn x 2 E 0.5}=2.8 pout / vin (half bridge အတွက်) = 1.4 pout / vin (full bridge အတွက် ) ကြည့်ရန်။ half bridge, switching power supply, pulse width modulation converter

Brightness (ဘရိုက်တ်နက်စ်) ၎င်းကို Luminance ဟုလည်းခေါ်၍ မျက်စိတွင် ကျရောက်သော အလင်းရောင်၏ ပြင်းအား ပမာဏ သို့မဟုတ် စွမ်းအင်ဖြစ်၍ အရောင်အပေါ်မှာ မူမတည်ပါ။ မျက်စိသည် အစိမ်းရောင် (555 nm) ကို အသိလွယ် ဆုံးဖြစ်၏။

British Institute of Recorded Sound (N) (ဗရစ်တစ်ရှ် အင်န်စတီကျူထ် အော့ဖ် ရီကော့ဒ်ဒစ်ဒ် ဆောင်းဒ်) ဗြိတိန်အသံသွင်း တိပ်ခွေဌာနကို ၁၉၅၀ ပြည့်နှစ်က ဖွဲ့စည်းခဲ့ပြီး ၁၉၈၃ ခုနှစ်တွင် ဗြိတိသျှစာကြည့်တိုက်တွင် ထည့်သွင်းခဲ့သည်။ ယခုအခါ အမျိုးသားအသံ မှတ်တမ်းများ မော်ကွန်းဌာနဟု ခေါ်ဆိုသည်။ လန်ဒန်မြို့ရှိ ဗြိတိသျှစာကြည့်တိုက်တွင် ပါဝင်သော ဌာနများမှာ (၁) ရည်ညွှန်း၊ (၂) မူပိုင်သတ်မှတ်ချက်များ၊ (၃)သိပ္ပံ နှင့် နည်းပညာ၊ (၄) စာကြည့်တိုက် အသင်း၊ (၅) ဗြိတိသျှ အမျိုးသား စာစု bibliography စာရင်း၊ (၆) စာရွက်စာတမ်းဖြန့်ဝေရေး (အစီရင်ခံစာ၊ ညီလာခံမှတ် တမ်းစသဖြင့်) (၇) Indian office library and record တို့ဖြစ်သည်။ အခန်းများတွင် ခန်းမကြီးနှင့် ပြခန်းတို့ပါဝင်သည်။ အွန်လိုင်း ကက်တလောက် ၁၉ သန်းကျော်ရှိသည်။

Broad band (N) (ဘရော့ဒ်ဘဲန်ဒ်) ဒေသန္တရနယ်မြေမှ ကွန်ရက်များ (LAN) တွင် bandwidth ကြီး၍ အင်နာလော့ ဆက်သွယ်နည်းကို သုံးသည်။ မြောက်မြားစွာသော ဆက်သွယ်ရေးလမ်းကြောင်းများရစေရန် အချက်ပြများကို ခွဲခြမ်းခြင်းသည် သို့မဟုတ် multiplex လုပ်သည်။

ကွန်ပျူတာအချက်ပြမျှားသည် ဒီဂျစ်တယ် အချက်ပြမျှားဖြစ်၍ လှိုင်းသခြင်းလုပ်ငန်းစဉ်ကိုသုံး၍ အင်နာလော့ အချက်ပြကွန်ရက်အတွင်း ပို့ဆောင်ခြင်းမပြုမီ ပြောင်းလဲပေးရသည်။ကွန်ရက်ကေဘယ်၏ အစွန်းနှစ်ဘက်ရှိ မိုဒမ်တို့က ဤတာဝန်ကို ထမ်းဆောင်သည်။ broadband ခရီးဝေးဆက်သွယ်ရေးမျှားသည် အလွန် အကျွံလျင်မြန်သောနှုန်းဖြင့် လုပ်ဆောင် နိုင်ပါသည်။ ကြည့်ရန်။ base band

Buck converter (ဘတ်ခ် ကွန်ဗတ်တာ) သီးခြား ခွဲထားသော အခွေမျှားပါသည့် buck converter ကို forward ဗို့အားထိန်းဟု ခေါ်သည်။ အဝင် DC ဗို့အားထက် အထွက် DC ဗို့အားကို ပို၍ လျော့နည်းစေသော ဖွင့်ပိတ် (switching mode) အမျိုးအစား (inverter) ဗို့အားထိန်းပစ္စည်းဖြစ်သည်။ နောက်တစ်မျိုး ဖြစ်သော Linear regulator သည် စွမ်းဆောင်ရည် 50% သာရှိသဖြင့် အသုံးနည်းလျက်ရှိသည်။ buck လျှပ်စစ်ပတ်လမ်းတွင် ထရန်စစ္စတာ ခလုတ်၊ ဒိုင်အုတ်နှင့် လျှပ်ညှို့တို့ပါဝင်သည်။ ခလုတ်နှင့်ဒိုင်အုတ် အစီအစဉ်အတိုင်း အဝင် DC တွင် ခွ၍ဆက်ထားသည်။ ဒိုင်အုတ်ကို ခွ၍လျှပ်ညှို့နှင့်ဝန်ကို တပ်ထားသည်။ ညီမျှခြင်းမျှားမှာ အောက်ပါအတိုင်း ဖြစ်၍ switching လုပ် နေ့စဉ်သံလိုက်ဓာတ် ပြည့်ဝမှု မဖြစ်စေရန် ဗို့စက္ကန့် မြှောက်လဒ် တို့ကို တူညီစေရမည်။ Vout = Vin x T1÷ (T1 T2) နှင့် vout = vin x Dc ဖြစ်သည်။ T1= ခလုတ်ပိတ်ထားသောအချိန်။ Dc = duty cycle. Iout < ø < =Vout { 1 - (vout ÷ vin } ÷ 2 fL 1; Dc = T1 ÷ (T1 + T2 ) နှင့် Iin = Iout ÷ (Vout / Vin) ကြည့်ရန်။ flyback, boost, buck

Budker, G (N) (ဘတ်ဒ်ကာဂျီ) ရုရှားသိပ္ပံ ပညာရှင်တစ်ဦးဖြစ်၍ သာမိုနျူကလီယာ နည်းတစ်နည်း OGRA ကို အဆိုတင်သွင်းခဲ့သည်။ ကရွက်ခွေနည်းကိုမသုံးဘဲ ဖန်ပြွန်၏ အနားနှစ်ဖက်ကို သံလိုက်မှန်မျှားဖြ

င့် ကာရံထားနိုင်သည်။ အခြေအနေအချို့တို့တွင် ဟီလီယံပလာစမာ အမှုန်များသည် (adiabatic trap) ခေါက်တုံ့ခေါက်ပြန် ရွေ့ရှားနိုင်စေ၍ စွမ်းအင်ဆုံးရှုံးမှုကိုလည်းနည်းစေသည်။ အပူချိန်များသော် စွမ်းအင် အထွက်များ၍ စွမ်းအင်ဆုံးရှုံးမှု နည်းလေသည်။ ထို့ကြောင့် မျဉ်းနှစ်ခု ဖြတ်ရာအမှတ်ကို စက်လည်ပတ်စဉ် အပူချိန်အဖြစ် ချိန်ညှိထိန်းချုပ်ရ သည်။ ဒျူတာရီယမ်နှင့် ထရီတီယမ် ပေါင်းစည်းမှု အတွက် 1000 MC ဒီဂရီနှင့် ဒျူတာရီယမ်နှင့်ဒျူတာရီယမ် ပေါင်းစည်းမှုအတွက် 10000 MC ဒီဂရီ လိုသည်။ ကြည့်ရန်။ thermo nuclear, thermal reactor, ionization, adiabatic equation

Buffer (N) (ဘတ်ဖ်ဖါ) လျှပ်စစ်ပတ်လမ်း နှစ်ခုတို့ကို ခွဲခြားပေး သော လျှပ်စစ်လမ်းဖြစ်၍ ၎င်း၏ အဝင်အင်ပီးဒင့်သည် များပြီး အထွက် အင်ပီးဒင့်သည် နည်းသည်။ ကြည့်ရန်။ common base amplifier

Buoyant force (ဘွိုင်းယဲင့်န်တ်ဖို့စ်) အရည်ထဲတွင် အရာဝတ္ထုတစ် ခုကို နစ်ထားသောအခါ၊ အရည်သည် ထိုအရာဝတ္ထုအပေါ် အထက်သို့ပ င့်တင်သော အားသက်ရောက်သည်။ ထိုအားကို ကိုယ်ဖော့အား ဟု ခေါ်သည်။ ၎င်းအားသည် အရာဝတ္ထုက ဖယ်ထုတ်လိုက်သော အရည်၏အလေးချိန်နှင့် တူညီသည်။ ၎င်း၏ညီမျှခြင်းမှာ F = Vdg ဖြစ်၍ F = ကိုယ်ဖော့အား။ V = အရည်ထဲတွင် နစ်ထားသော အရာဝတ္ထုအခဲ၏ ထုထည်။ d = အရည်၏ သိပ်သည်းခြင်း။ g = ကမ္ဘာ့ဆွဲအားကြောင့် ဖြစ်လာသော အရှိန်ဖြစ်သည်။ ကိုယ်ဖော့ခြင်း၏ ဗဟိုသည် ကိုယ်ဖော့ အားသက်ရောက်ရာ အမှတ်ဖြစ်သည်။ ၎င်းအမှတ်သည် ဖယ်ရှားလိုက် သော အရည်၏ကမ္ဘာ့ ဆွဲအားဗဟိုပင်ဖြစ်သည်။

Button (N)(ဘတ်တဲင်န်) Pic Basic ဘာသာစကား၏ command အ

မိန့်မှ တစ်ခုဖြစ်၍ လုပ်ဆောင်ချက် အကျဉ်းမှာ Input on Specified pin ဖြစ်သည်။ သဒ္ဒါပုံစံမှာ .... .Button Pin , Down , Delay, Rate ,Var, Action , Label. Pin = Pin number ( 0 to 7) Port B pins only, Down = state of pin when button is pressed (0 or 1) Delay = Delay before auto-repeat begins, 0 to 255, Rate = repeat rate 0 to 255. Var= Byte-sized variable, needed for delay repeat, should be initialized to 0 before use, Action = State of pin to perform Goto (0 not pressed, 1 if pressed) Label= Point at which program execution continues if Action is true. ကြည့်ရန်။ controller , microprocessor, command, BASIC

*